

THE LUTHERAN WORLD FEDERATION

# နှစ်ပတ်လည် အစီရင်ခံစာ LWF မြန်မာ စီမံကိန်း ၂၀၁၃

# LWF မြန်မာစီမံကိန်း

## လူသာရမ်ဂါလ် အဖွဲ့အစည်း၏ တာဝန်ခံမှုနှင့် တရားဝင် အသိအမှတ်ပြု လက်မှတ်များ

ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးအဖွဲ့ (World Service)သည် နိုင်ငံတကာမှ အသိအမှတ်ပြုခံထားရသော လူသားချင်းစာနာမှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဌာနတစ်ခုဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ လူမှုအကူအညီပေးရေးဌာန (DWS)၏ တာဝန်ခံမှုဆိုင်ရာဖွဲ့စည်းပုံသည် စီမံကိန်း စီမံခန့်ခွဲမှု၊ အုပ်ချုပ်မှုနှင့် လုပ်ငန်းအကောင်အထည်ဆောင်ရွက်မှုစသည်တို့တွင် ပွင့်လင်းမြင်သာမှုရှိစေရန် လုပ်ဆောင်ပေးပါသည်။ DWS သည် နိုင်ငံတကာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှု၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ သဘာဝဘေး အကူအညီပေးရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များကို လိုက်နာရန် လက်မှတ်ရေးထိုးထားသောအဖွဲ့အစည်း ဖြစ်ပါသည်။ DWS သည် အကူအညီပေးရေးလုပ်ငန်းများကို ကမ္ဘာ့လူသားချင်းစာနာရေးအဖွဲ့မှ ထောက်ခံ အတည်ပြုထားသော နည်းလမ်းများနှင့်အညီ ဆောင်ရွက်နေပါသည်။

DWS သည် အကျိုးခံစားခွင့်ရှိသူများအတွက် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လုပ်ဆောင်ချက်အပေါ် တာဝန်ခံခြင်းအဖွဲ့ (HAP)တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ထားပြီး လုပ်ငန်းဆောင်ရွက်မှု တာဝန်ခံခြင်းနှင့် လုပ်ငန်းအရည်အသွေး စီမံခန့်ခွဲခြင်းအတွက် ၂၀၁၀ ခုနှစ် HAP စံနှုန်း အသိအမှတ်ပြု လက်မှတ်ကို ရရှိထားပါသည်။

## ချိတ်ဆက် လုပ်ဆောင်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်း

LWF သည် ACT Alliance ၏အသင်းဝင်အဖွဲ့ ဖြစ်ပါသည်။ ဘာသာရေး၊ နိုင်ငံရေး၊ ကျား/မကွဲပြားမှု၊ လူမျိုးရေး(သို့) နိုင်ငံသား မခွဲခြားဘဲ ဆင်းရဲသူများနှင့် အပယ်ခံလူအုပ်စုများ၏ ဘဝအား ကောင်းမွန်ပြီး ရေရှည်တည်တံ့သော အပြောင်းအလဲများ ဖန်တီးပေးရန် အပြည်ပြည်ဆိုင်ရာ စည်းမျဉ်းစည်းကမ်း စံချိန်စံနှုန်းနှင့်အညီ လူသားအားလုံးကို တန်းတူညီမျှ အကူအညီများပေးနိုင်ရန် နိုင်ငံပေါင်း (၁၃၀)ကျော်ရှိ ဘုရားကျောင်း (၁၄၀) ကျော်နှင့် ပူးပေါင်းဆောင်ရွက်လျက် ရှိပါသည်။

ACT Alliance သည် လူသားချင်းစာနာရေး အကူအညီပေးမှု၊ ဖွံ့ဖြိုးရေးလုပ်ငန်းနှင့် အသိပေးရှင်းလင်းတင်ပြခြင်းစသည့် လုပ်ငန်း(၃)ရပ်ကို အဓိကထား လုပ်ဆောင်နေပါသည်။

LWF မြန်မာသည် တောင်အာရှနှင့် အရှေ့တောင်အာရှရှိ နိုင်ငံပေါင်း (၇)နိုင်ငံမှ LWF အဖွဲ့များ စုပေါင်း ဖွဲ့စည်းထားသော အာရှဇုံအရေးပေါ် အကူအညီပေးရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးကွန်ယက်၏ အဖွဲ့ဝင်နိုင်ငံတစ်ခု ဖြစ်သည်။ ထိုကွန်ယက်သည် ကွင်းဆင်းလုပ်ဆောင်နေသူများ အတွက် ကိုက်ညီသောသင်တန်းများ တက်ရောက်နိုင်ပြီး သင်ယူခြင်းနှင့် သတင်းအချက်အလက် မျှဝေခြင်းများ လုပ်ဆောင်နိုင်ရန် ဖွဲ့စည်းထားခြင်းဖြစ်သည်။

လူသာရမ်ဝေါလ် ဖယ်ဒရေးရှင်း - ကမ္ဘာလုံးဆိုင်ရာ အကူအညီပေးရေး ဌာန
၁၅၀ ရုပ်ဒီ ဖာနီ
ပီအို ဘောက်စ် ၂၁၀၀
စီအိတ်ချ် ၁၂၁၁ ဂျနီဗာ ၂
ဆွစ်ဇာလန်
ဝက်ဆိုက်။ www.lutheranworld.org

လူသာရမ်ဝေါလ် ဖယ်ဒရေးရှင်း မြန်မာ
အမှတ် (၄၄), ပြည်လမ်း၊ ဘိရှော့ဟုမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်။
ဖုန်း။ ၀၁ ၃၇၈၀၇၈၊ ၀၁ ၂၂၁၁၈၄
ဖက်(စ်)။ ၀၁ ၃၇၈၀၇၈ လိုင်းခွဲ ၁၀၇
အီးမေးလ်။ info.lwfmm@gmail.com
ဝက်ဆိုက်။ www.lwfmyanmar.com

မူပိုင်ခွင့်အားလုံး LWF မြန်မာနှင့်သာ သက်ဆိုင်ပါသည်။
ထုတ်လုပ်ရေး ညှိနှိုင်းရေးမှူး - ပိုင်းစန္ဒီမြင့် (ပြန်ကြားဆက်သွယ်ရေးနှင့် ကျား၊မလူမှုရေးရာ အကြံပေး)
ပါဝင်ရေးသားသူများ - ဗင်းဆင့် မချီဆပ် နှင့် ရီတာ မာရီယာ ဆရီနင်
ဒီဇိုင်းနှင့် အပြင်အဆင် - ပိုင်းစန္ဒီမြင့်
ဒီဇိုင်းလက်ထောက်- နှင်းယုဇနေလွင်(ဂမုန်း ပုံနှိပ်နှင့် မီဒီယာ)



# မာတိကာ


မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်၏ အမှာစကား ၄

LWF မြန်မာအကြောင်း ၅

ကျွန်ုပ်တို့၏ စီမံကိန်းများ ၆

LWF မြန်မာ၏ လုပ်ငန်းအစီအစဉ်များ ၇

LWF မြန်မာ၏ စီမံကိန်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့်ဒေသများ ၈

၂၀၁၃ ခုနှစ်ဘဏ္ဍာရေး အစီရင်ခံစာ ၉

ရောဂတီ မြစ်ဝကျွန်းပေါ်ဒေသ ၁၀

မြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးရေး ခြေလှမ်းများ ၁၁

ဗွီဒီယိုမှတဆင့် ဆွေးနွေးတင်ပြခြင်းနည်းလမ်း - မြစ်ဝကျွန်းပေါ်ဒေသသို့ရောက်ရှိလာခြင်း ၁၂

ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးနေ့အခမ်းအနားကို ကျေးရွာဟန်ပန် နှင့်အညီ ဆင်နွဲခြင်း ၁၄

လယ်သမားများအဖွဲ့၏ ကျပ်သိန်း ၇၀ခန့်ရှိသော ရန်ပုံငွေ ၁၅

ချင်းပြည်နယ်တွင် စတင် အကောင်အထည်ဖော် LWF ၏စီမံချက်အသစ် ၁၆

ရွာစာသင်ကျောင်းတွင် မိန်းကလေးဦးရေ တိုးမြင့်လာခြင်း ၁၈

ရခိုင်ပြည်နယ်၏ အရေးပေါ် အခြေအနေအတွက် အကူအညီများပေးခြင်း ၂၀

သင်လွယ်တတ်လွယ်သူလေးများ ၂၂

မီးဘေးကြိုတင်ကာကွယ်ရေးကို ဦးစားပေးလုပ်ဆောင်ခြင်း ၂၄

ကျောင်းဆရာတစ်ဦး၏ ဇာတ်လမ်း ၂၆

ရခိုင်တွင်လုပ်ဆောင်နေသော LWF မြန်မာ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာလုပ်ငန်း ၂၆

အနှစ်ချုပ်

# မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်၏ အမှာစကား

" မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအတွေ့အကြုံများမှ သာဓကများအရ လူ့အခွင့်အရေးကို အဓိကထား လေးစားလုပ်ဆောင်လျှင် စစ်မှန်သည့် ရေရှည်တည်တံ့မှုနှင့် လူသားအားလုံး ပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု တစ်ရပ်ဖြစ်ပေါ်လာနိုင်ပါသည်။ "

ယခုနှစ်တွင် LWF မြန်မာသည် (၆)နှစ်တာ (၂၀၁၃-၂၀၁၈) မဟာဗျူဟာစီမံကိန်းအသစ်ကို စတင်အကောင်အထည်ဖော်ခဲ့ပါသည်။ ဤမဟာဗျူဟာသည် ၂၀၀၈ခုနှစ် မေလတွင် တိုက်ခတ်ခဲ့သောနာဂစ်မုန်တိုင်းအပြီး ဧရာဝတီတိုင်းဒေသကြီးတွင် ဆက်လက်လုပ်ဆောင်ခဲ့သော အကူအညီပေးရေးလုပ်ငန်းများကို ပိုမိုအားကောင်းလာစေရန်နှင့် အကူအညီလိုအပ်နေသော အခြားဒေသများသို့ လုပ်ငန်းများ တိုးချဲ့ဆောင်ရွက်နိုင်ရန် ဖြစ်သည်။ ရေရှည် တည်တံ့သော ဖွံ့ဖြိုးရေးအတွက် ကျွန်ုပ်တို့၏ လူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နည်းလမ်းဖြင့် မြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာပေါင်း (၅၀)တွင် ထူးခြားပြောင်းမြောက်သော အကျိုးရှိမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ ဤလူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နည်းလမ်းတွင် အသိပေးရှင်းပြဆွေးနွေးမှု၊ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ရပ်ရွာလူထုဦးဆောင်မှုနှင့် လူ့အခွင့်အရေးများအား အလေးထားမှုစသည့် လုပ်ငန်းများကို အလေးပေး ထည့်သွင်းလုပ်ဆောင်ထားသည်။ ရပ်ရွာလူထုအခြေပြုအဖွဲ့အစည်းများ၏ လုပ်ငန်းများသည် ယုံကြည်မှုအပြည့်ဖြင့် ပိုမိုလည်ပတ်လာကြသည်။ ရပ်ရွာလူထုများသည် ၎င်းတို့ရပ်ရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများကို ၎င်းတို့ကိုယ်တိုင် ဦးဆောင်လာကြသည်။ ထိုအထဲတွင် နှစ်စဉ်အိမ်ထောင်စုတစ်ခုချင်းစီနှင့် ကျေးရွာအဆင့် ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့တွင် ၎င်းတို့ ကိုယ်တိုင်ဦးဆောင်လုပ်ကိုင်လာကြသည်ကို တွေ့ရပါသည်။ ယခုအခါ ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည် ၎င်းတို့ရပ်ရွာ၏ လိုအပ်ချက်များနှင့် ရည်မှန်းချက်များ ပြည့်မီစေမည့် ကူညီထောက်ပံ့မှုများရရှိရန် အစိုးရမြို့နယ်၊ ခရိုင်အုပ်ချုပ်ရေးဌာနများနှင့်ချိတ်ဆက်ပြီး သက်ဆိုင်ရာတာဝန်ရှိသူများအား အသိပေးရှင်းပြဆွေးနွေးမှုများကို အလွယ်တကူ လုပ်ဆောင်နိုင်သည်။ ကျေးရွာတိုင်းတွင် သဘာဝဘေးစီမံခန့်ခွဲရေးကော်မတီ၊ မိဘ-ဆရာ အသင်း၊ ကလေးအဖွဲ့၊ လူငယ်အဖွဲ့နှင့် အမျိုးသမီးအဖွဲ့များကို ဖွဲ့စည်းလာကြပါသည်။

ထိုဖွံ့ဖြိုးမှုပုံစံအား ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင်လည်း ထပ်မံအကောင်အထည်ဖော် လုပ်ဆောင်ရန် စီစဉ်ထားသည်။ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံး ဒေသဖြစ်သည့် ချင်းပြည်နယ်တွင် လူဦးရေ၏ (၇၀)ရာခိုင်နှုန်းသည် စားနပ်ရိက္ခာမလုံလောက်မှုနှင့် ရင်ဆိုင်နေကြရသည်။ ထို့အတူကရင်ပြည်နယ်တွင်လည်း ထိုင်းနိုင်ငံဘက်မှ မြန်မာရွှေ့ပြောင်းလုပ်သား (၁၄၀,၀၀၀)ခန့် ပြန်လည် ဝင်ရောက်လာနိုင်ခြေရှိနေပါသည်။ ၂၀၁၃ ခုနှစ်တွင် ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ရွာပေါင်း (၁၄)ရွာတွင် စီမံချက်လုပ်ငန်းများကိုစတင်ခဲ့ပြီး (၂၀၁၄)ခုနှစ်တွင် ထပ်မံ တိုးချဲ့လုပ်ဆောင်သွားရန် စီစဉ်ထားသည်။ ကရင်ပြည်နယ်တွင် လုပ်ငန်းများ စတင်လုပ်ကိုင်နိုင်ရန်အတွက်လည်း နားလည်မှုစာချွန်လွှာ (MOU)ကို လက်မှတ်ရေးထိုးနိုင်ရန် ညှိနှိုင်းနေပြီ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ စားနပ်ရိက္ခာ မလုံလောက်သော အပူပိုင်းဒေသဖြစ်သည့် မကွေးတိုင်းသည် ကျွန်ုပ်တို့၏ ချင်းပြည်နယ်ရုံးခွဲနှင့် နီးစပ်လျက်ရှိသည့်အတွက် အကူအညီပေးရေးလုပ်ငန်းများကို တိုးချဲ့လုပ်ဆောင်ရန် စဉ်းစားဆွေးနွေးလျက်ရှိပါသည်။

ACT ၏ ပံ့ပိုးပေးမှုဖြင့် LWF သည် ၂၀၁၂ ခုနှစ် ဇွန်လနှင့် အောက်တိုဘာလအတွင်း ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သည့် ဒေသတွင်းဆူပူမှုများကြောင့် နေရပ်မှ ပြောင်းရွှေ့ခဲ့ကြရသော လူပေါင်း (၁၄၀ ၀၀၀)အား အကူအညီပေးရေးလုပ်ငန်းများ စတင်လုပ်ကိုင်ခဲ့သည်။ ယာယီစခန်းများတွင် နေထိုင်လျက်ရှိသော ရွှေ့ပြောင်းနေထိုင်သူများ (မွတ်စလင်များနှင့် ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သူများအားလုံး) ရှစ်သောင်း ငါးထောင် (၈၅ ၀၀၀)အတွက် မီးဘေးလုံခြုံရေး၊ ယာယီစခန်းများအား စီမံခန့်ခွဲရေး၊ မူလတန်းပညာရေး၊ လူမှုရေးနှင့် စိတ်ပိုင်းဆိုင်ရာ ကူညီပံ့ပိုးရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ယခုအချိန်အထိ မြန်မာနိုင်ငံတွင် ကျွန်ုပ်တို့လုပ်ဆောင်လျက်ရှိသော လုပ်ငန်းအတွေ့အကြုံများမှ သာဓကများအရ လူ့အခွင့်အရေးကို အဓိကထား လေးစားလုပ်ဆောင်လျှင် စစ်မှန်သည့် ရေရှည်တည်တံ့မှုနှင့် လူသားအားလုံးပါဝင်သည့် ဖွံ့ဖြိုးတိုးတက်မှု ဖြစ်ပေါ်လာစေရန် အခွင့်အလမ်းကောင်းဖြစ်သည်ကို တွေ့ရပါသည်။ ကျွန်ုပ်တို့အား ပံ့ပိုးပေးနေသော မိတ်ဖက်အဖွဲ့အစည်းများအား ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ နောင်တွင်လည်း ရင်းနှီးစွာ ပိုမိုလက်တွဲလုပ်ဆောင်နိုင်သော မိတ်ဖက်များအဖြစ် ပူးပေါင်းဆောင်ရွက်နိုင်ရန် မျှော်လင့်ပါသည်။ အတူတကွပူးပေါင်း လုပ်ဆောင်ခြင်းဖြင့် ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးများကို အကောင်းဆုံးအကျိုးဆောင်ပေးနိုင်မည် ဖြစ်ပါသည်။



David H Mueller

ဒေးဗစ်မြူလာ
မြန်မာနိုင်ငံဆိုင်ရာဌာနေကိုယ်စားလှယ်

# LWF မြန်မာအကြောင်း

LWF သည် ကမ္ဘာတစ်ဝှမ်း အယူအဆတူသူများနှင့် ဖွဲ့စည်းထားသော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံပေါင်း (၇၉)နိုင်ငံ၌ အဖွဲ့ဝင်ပေါင်း (၁၄၅) ဖွဲ့ ရှိပါသည်။ ဒုတိယကမ္ဘာစစ်အပြီး (၁၉၄၇) ခုနှစ်တွင် ဆွီဒင်နိုင်ငံ လမ်ဒ်မြို့၌ LWFကို စတင်ဖွဲ့စည်းခဲ့ပါသည်။ လူမျိုး၊ ကျား-မ၊ ဘာသာရေး၊ တိုင်းရင်းသားမျိုးနွယ် (သို့) နိုင်ငံရေးယုံကြည်ချက်ကွဲပြားမှုစသည်တို့ကို မခွဲခြားဘဲ အကူအညီပေးရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများဖြင့် လူသားတိုင်းအား တန်းတူညီမျှ အကူအညီပေးရန် DWS ကို ဖွဲ့စည်းထားပါသည်။

LWF မြန်မာသည် ဧရာဝတီ မြစ်ဝကျွန်းပေါ်ဒေသရှိ ထောင်ပေါင်းများစွာသော အသက်များကို ဆုံးရှုံးစေခဲ့သည့် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းကြောင့် ပျက်စီးမှုများကို အကူအညီပေးရန် ACT ၏ ပံ့ပိုးမှုဖြင့် (၂၀၀၈)ခုနှစ်မှစ၍ မြန်မာနိုင်ငံတွင် လုပ်ငန်းများ စတင်လုပ်ဆောင်ခဲ့သည်။

အစကနဦးတွင် LWF သည် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုဖြစ်သည့် မြန်မာနိုင်ငံဧဝံဂေလိလူသာရမ် အသင်းတော် မှတစ်ဆင့် အရေးပေါ် အကူအညီပေးရေးလုပ်ငန်းများကို မြို့နယ် (၄) မြို့နယ်ရှိ ကျေးရွာပေါင်း (၅၀)တွင် လုပ်ဆောင်ခဲ့သည်။ ထို့နောက် ဘိုကလေးမြို့နယ်ရှိ ကျေးရွာပေါင်း (၁၈)ရွာတွင် (၁)နှစ်တာ စားနပ်ရိက္ခာဖူလုံရေးစီမံချက်နှင့် ကျေးရွာ (၅၀)တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အတွက် (၃)နှစ်တာ အကောင်အထည်ဖော်လုပ်ဆောင်ခဲ့ပါသည်။ ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက် ပထမအဆင့်သည် ဒီဇင်ဘာလ ၂၀၁၂ ခုနှစ် တွင် ပြီးဆုံးခဲ့ပြီး ဒုတိယအဆင့်ဖြစ်သည့် (၃) နှစ်စီမံကိန်းကို ဇန်နဝါရီလ ၂၀၁၃ ခုနှစ်တွင် စတင်ခဲ့သည်။

(၂၆) လတာကြာမြင့်သည့် ကလေးနှင့်လူငယ် ဖွံ့ဖြိုးရေးစီမံချက်သည် ဒီဇင်ဘာလ ၂၀၁၃ခုနှစ်တွင် ကျေးရွာ (၅၀)၌ ပြီးဆုံးခဲ့သည်။ ထိုစီမံချက်မှ ကလေး၊ လူငယ်နှင့် အမျိုးသမီးများ၏ အခွင့်အရေးကို မြှင့်တင်ပေးနိုင်ခဲ့သည့်အပြင် ကလေးများ၏ ပညာရေး၊နှင့် မိဘများနှင့် ဆရာများ၏ စိတ်နေသဘောထားတို့အပေါ် ကောင်းစွာအကျိုးသက်ရောက်မှု ရှိခဲ့ပါသည်။ လူငယ်အဖွဲ့များ၏ လမ်းညွှန်မှုအောက်တွင် ကလေးအဖွဲ့ပေါင်း (၅၀)ကျော်သည် ယနေ့အချိန်ထိ ဆက်လက်အသက်ဝင် လှုပ်ရှားလျက် ရှိပါသည်။

(၂၀၁၃)ခုနှစ်၏ အစီအစဉ်အတိုင်း LWF မြန်မာသည် ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံချက်အား မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှု အနည်းဆုံးပြည်နယ်တစ်ခု ဖြစ်သည့် ချင်းပြည်နယ်သို့ တိုးချဲ့လုပ်ဆောင်ခဲ့သည့်အပြင် ရခိုင်ပြည်နယ်ရှိ ယာယီစခန်းများတွင် နေထိုင်သူများအား အကူအညီပေးသည့်လုပ်ငန်းများ စတင်လုပ်ဆောင်လျက်ရှိပါသည်။



# ကျွန်ုပ်တို့၏ စီမံကိန်းများ

ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ အခွင့်အရေးများကို မြှင့်တင်ရန် ခိုင်မာသောခံယူချက်ဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် လက်တွဲ၍ ဆင်းရဲနွမ်းပါးမှု တိုက်ဖျက်ရေး၊ လူသားအားလုံး ဂုဏ်သိက္ခာရှိရှိ နေထိုင်နိုင်ရေးတို့ကို ဆောင်ရွက်နေပါသည်။
ကျွန်ုပ်တို့သည် ပါဝင်ပြောဆိုခွင့် နည်းပါးသော ဆင်းရဲနွမ်းပါးသူများကို အဓိကဦးတည်ထားပါသည်။ ရပ်ရွာလူထုသည် ကြုံတွေ့နေရသော ပြဿနာများကို ၎င်းတို့ကိုယ်တိုင် ဖော်ထုတ်ဖြေရှင်းနိုင်စေရန်နှင့် ၎င်းတို့၏ အခွင့်အရေးနှင့် တာဝန်များကို သိရှိစေရန် လူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် ဘက်စုံပေါင်းစပ်ခြင်းနည်းလမ်းဖြင့် လုပ်ဆောင်ပါသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အရေးပေါ်သဘာဝဘေးအန္တရာယ် အကူအညီပေးရေး၊ ဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေးစသောကဏ္ဍများကို ဟန်ချက်ညီညီ ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ကြိုးပမ်းလျက်ရှိပါသည်။ ယခုအချိန်တွင် အောက်ဖော်ပြပါလုပ်ငန်းများကို အဓိကထား ဆောင်ရွက်လျက် ရှိနေပါသည်။

**အရေးပေါ်အကူအညီပေးရေး။** LWF မြန်မာသည် သဘာဝနှင့် လူလုပ်ကပ်ဘေးများကြောင့် ဖြစ်ပေါ်လာသော ဘေးအန္တရာယ်များကို ထိခိုက်ခံစားရသော ရပ်ရွာလူထုအား အရေးပေါ်အကူအညီများ ပံ့ပိုးပေးလျက် ရှိပါသည်။ ထိခိုက်ခံစားလွယ်သော ရပ်ရွာလူထု၏ အခြေခံ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန် ပူးပေါင်းဆောင်ရွက်သောနည်းလမ်းကို အသုံးပြုပြီး အကူအညီပေးလျက် ရှိပါသည်။ ထို့အပြင် ၎င်းတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည် ထူထောင်ရေးကိုလည်း ပံ့ပိုးပေးလျက်ရှိပါသည်။

**အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာ ဖူလုံရေး။** LWF မြန်မာသည် လူမှုရေး၊ စီးပွားရေးနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုကောင်းမွန်လာစေရန်အတွက် ရပ်ရွာလူထုအား နည်းပညာအသစ်များ သင်ယူနိုင်ရန် နှင့် အသိပေးဆွေးနွေးမှုများ ပြုလုပ်နိုင်ရန် ကူညီပေးပါသည်။ LWF ၏ စီမံချက်များသည် ရေရှည်တည်တံ့သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရပ်ရွာလူထု၏ စွမ်းရည်နှင့် ကျွမ်းကျင်မှုများကို တိုးတက်အောင် လုပ်ဆောင်ပေးပါသည်။ လူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည် မြှင့်တင်ခြင်း နည်းလမ်းကို အသုံးပြု၍ ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးရေး လုပ်ငန်းကို လုပ်ဆောင်နေပါသည်။ လူ့အခွင့်အရေးကို အခြေပြုသော စွမ်းဆောင်ရည် မြှင့်တင်ပေးရန်အတွက် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်း မှတစ်ဆင့် ကျေးလက်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး ဖြစ်ပေါ်လာစေရန် ပံ့ပိုးကူညီပေးလျက်ရှိသည်။

**သန့်ရှင်းသောရေနှင့် တကိုယ်ရည်ကျန်းမာရေး။** သန့်ရှင်းသောရေကို သုံးစွဲခွင့် ရရှိခြင်းသည် လူသားအားလုံး၏ အခွင့်အရေးဖြစ်ပါသည်။ LWF မြန်မာသည် ရပ်ရွာလူထုအား သန့်ရှင်းပြီး သောက်သုံးရန် စိတ်ချရသော ရေရရှိရေးနည်းစနစ်များကို ဖော်ထုတ်ထိန်းသိမ်းသွားရန် ကူညီပေးခြင်းနှင့် ကျန်းမာသောဘဝ ရရှိရန် တစ်ကိုယ်ရည်သန့်ရှင်းရေး အလေ့အကျင့်ကောင်းများကို ပညာပေးလုပ်ဆောင်ပါသည်။

**သဘာဝဘေးအန္တရာယ် လျော့ပါးရေး။** LWF မြန်မာသည် ကျေးရွာလူထုအား ရပ်ရွာလူထုအခြေပြု သဘာဝဘေးအန္တရာယ်လျော့ပါးရေး စီမံခန့်ခွဲမှုလုပ်ငန်းများ လုပ်ဆောင်နိုင်ရန် ကူညီပံ့ပိုးပေးပါသည်။ ထိုလုပ်ငန်းများတွင် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အဖွဲ့ငယ်များအား သင်တန်းများပေးခြင်း၊ အသိအမြင်ဖလှယ်ခြင်း၊ ကြိုတင်ကာကွယ်ခြင်းနှင့် ထိခိုက်မှုလျော့ပါးအောင် ဆောင်ရွက်ခြင်းများပါဝင်ပါသည်။ ထို့အပြင် ရပ်ရွာလူထုအား သောက်သုံးရေ အလွယ်တကူ ရရှိစေရန်နှင့် စာသင်ကျောင်းများ ပြန်လည် တည်ဆောက်ရန် အကူအညီပေးခြင်း၊ တံတားငယ်များတည်ဆောက်ခြင်း၊ သဘာဝဘေးအန္တရာယ် နှင့် ကြုံတွေ့လျှင် ခိုလှုံနိုင်ရန်အတွက် ဘက်စုံသုံး ကျေးရွာခန်းမများ တည်ဆောက်ခြင်း၊ နှင့် အခြားသော အခြေခံအဆောက်အအုံများ တည်ဆောက်နိုင်ရန် ပံ့ပိုးကူညီပေးလျက်ရှိပါသည်။

**လူ့အခွင့်အရေး။** ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးသည် သက်ဆိုင်ရာဌာနများနှင့် ရပ်ရွာလူထုတို့၏ လက်ခံယုံကြည်မှုအပေါ်တွင် မူတည်နေသည်ဟု LWF မြန်မာမှ ယုံကြည်ပါသည်။ LWF မြန်မာသည် ရပ်ရွာလူထုအား ၎င်းတို့၏ အခွင့်အရေးများနှင့် တာဝန်များကို သိရှိနားလည်စေရန် လုပ်ဆောင်ပေးပါသည်။ ကျွန်ုပ်တို့၏ နည်းလမ်းမှာ လိုအပ်သည့်ဝန်ဆောင်မှုများကို ဖြည့်ဆည်း ပေးရန်အတွက် အောက်ခြေမှ အထက်သို့ တင်ပြနိုင်စွမ်း ပိုမိုရှိလာစေရန် လုပ်ဆောင်ပေးပါသည်။ ကျေးရွာလူထုမှ သတ်မှတ် ဖော်ထုတ်ထားသော စီမံချက်များအား အကောင်အထည်ဖော် ဆောင်ရွက်ပြီး ထိုစီမံချက်များအား လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည် မြှင့်တင်ခြင်း လမ်းစအဖြစ် အသုံးပြုပါသည်။ ဆင်းရဲနွမ်းပါးမှုတိုက်ဖျက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာမူဝါဒ အပြောင်းအလဲများကို အသိပေး ရှင်းပြရန်အတွက် အခြားလုပ်ငန်းတူအဖွဲ့အစည်းများ၊ နိုင်ငံတော်အဆင့်ကွန်ယက်များနှင့် ချိတ်ဆက် လုပ်ဆောင်ပါသည်။

**လူ့အခွင့်အရေး အခြေပြုစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။** စွမ်းဆောင်ရည်မြှင့်တင်ခြင်းဆိုသည်မှာ လူတစ်ဦးချင်း၊ အိမ်ထောင်စု၊ စိတ်တူကိုယ်တူအဖွဲ့များ၊ ရပ်ရွာလူထုများ၏ စွမ်းရည်နှင့် ယုံကြည်မှုများ မြင့်တက်လာရန် လုပ်ဆောင်ပေးပြီး ၎င်းတို့ကိုယ်တိုင် ရပ်ရွာအတွက် ရလဒ်ကောင်းများဖန်တီးနိုင်ရန် အားပေး လုပ်ဆောင်ခြင်းဖြစ်စဉ် ဖြစ်သည်။ လူ့အခွင့်အရေးကို အခြေပြု၍ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း ဆိုသည်မှာ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းထားသော ဥပဒေများ၊ မူဝါဒများ၊ နိုင်ငံတော်အစိုးရမှ သဘောတူ လက်မှတ် ရေးထိုးထားသော သဘောတူညီချက်များ၊ လုပ်ထုံးလုပ်နည်းများ၊ ထောင်စုနှစ်ဖွံ့ဖြိုးရေး ရည်မှန်းချက်ပန်းတိုင်တွင် ဖော်ပြထား သောအခွင့်အရေးများနှင့် တာဝန်ဝတ္တရားများအား လေးစားရန်၊ ကာကွယ်စောင့်ရှောက်ရန်နှင့် ဖြည့်ဆည်းပေးရန်အတွက် တာဝန်ရှိသူများနှင့် အခွင့်အရေး ခံစားခွင့်ရှိသူများ နှစ်ဦးနှစ်ဘက်စလုံး သိရှိနားလည်လာအောင် ဆောင်ရွက်ပေးခြင်း ဖြစ်ပါသည်။



# LWF မြန်မာ၏ လုပ်ငန်းအစီအစဉ်များ

LWF မြန်မာသည် လူတစ်ဦးချင်း၊ ရပ်ရွာလူထုအခြေပြု အဖွဲ့အစည်းများ၊ အခြားစိတ်တူကိုယ်တူအဖွဲ့များ၏ အသိပညာများ တိုးတက်လာပြီး ၎င်းတို့ဘဝကို ကိုယ်တိုင်စီမံခန့်ခွဲနိုင်သည့် အသိပညာ၊ ကျွမ်းကျင်မှုနှင့် ခံယူချက် သဘောထားများ ရှိလာစေရန် ပူးပေါင်း ပါဝင်ခြင်းနည်းလမ်းကို အသုံးပြုကာ မြစ်ဝကျွန်းပေါ်ဒေသနှင့် ချင်းပြည်နယ်တွင် လုပ်ငန်းများကို ဆက်လက် လုပ်ဆောင်ပါမည်။

မကွေးတိုင်းနှင့် ကရင်ပြည်နယ်တို့တွင်လည်း ဖော်ပြပါ လူ့အခွင့်အရေး အခြေခံပြုစွမ်းဆောင်ရည် မြှင့်တင်ခြင်း နည်းလမ်းဖြင့် လုပ်ငန်းများကို စတင် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်သည်။

LWF မြန်မာသည် လူတစ်ဦးချင်းစီတွင်ရှိသော ပင်ကိုယ်စွမ်းရည်များ ပေါ်ထွက်လာစေရန်အတွက် လှုံ့ဆော်ပေးရန် လိုအပ်သည်ဟု ယုံကြည်ပါသည်။ ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်နှင့် ကျေးရွာအဆင့်ရှိ သက်ဆိုင်ရာ အစိုးရဌာနများမှ ဝန်ဆောင်မှုနှင့် အရင်းအမြစ်များကို ကျေးရွာအဆင့် လူထုစီမံခန့်ခွဲမှုဖွဲ့စည်းပုံမှ လက်လှမ်းမီ ရယူသုံးစွဲနိုင်ရန် အရေးကြီးကြောင်း LWF မြန်မာမှ ရှင်းပြမည် ဖြစ်သည်။

တစ်ချိန်တည်းမှာပင် LWF မြန်မာသည် စီမံချက်လုပ်ငန်းများနှင့် သက်ဆိုင်ရာ အစိုးရဌာနများ၊ ရပ်ရွာလူထုအခြေပြု အဖွဲ့များ၊ နှင့် အိမ်ထောင်စုများအား ချိတ်ဆက်ဆောင်ရွက်နိုင်ရန် ဦးဆောင်ပံ့ပိုးပေးပါမည်။ ထို့ပြင် ကျေးလက်ဒေသရှိ ဆင်းရဲနွမ်းပါးသူများ၏ အခွင့်အရေးများကို ဖြည့်ဆည်းပေးရန် သက်ဆိုင်ရာ အစိုးရဌာနများနှင့် ပူးပေါင်း၍ စီမံချက်အတွက် လိုအပ်သော အရင်းအမြစ်များကို မျှဝေသုံးစွဲသွားပါမည်။ ကျေးရွာများတွင် တာဝန်ထမ်းဆောင်နေသော LWF မြန်မာဝန်ထမ်းများသည် စွမ်းဆောင်ရည် မြှင့်တင်ပေးသော လုပ်ငန်းစဉ်ကို အဓိက ဆောင်ရွက်ပေးသူများ ဖြစ်ကြသည်။

## မဟာဗျူဟာ ဦးတည်ချက်များ

**ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း။** သာတူညီမျှမှုရှိပြီး ရေရှည်ဆောင်ရွက်နိုင်မည့် ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် ဒေသခံများ၏ ခေါင်းဆောင်မှုနှင့် စီမံခန့်ခွဲမှုစွမ်းရည် ပိုမိုကောင်းမွန်လာစေရန်။

**ရေရှည်တည်တံ့နိုင်မြဲသော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ။** ပိုမိုကောင်းမွန်ပြီး ရေရှည် တည်တံ့သော လူမှု-စီးပွားနှင့် သက်ဆိုင်သည့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ လုပ်ကိုင်နိုင်ရန်အတွက် ရပ်ရွာလူထု၏ စွမ်းဆောင်ရည် မြှင့်တင်ပေးရန်။

**အရေးပေါ်အခြေအနေ တုန့်ပြန်မှုနှင့် သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲခြင်း။** ရပ်ရွာလူထုအား သဘာဝဘေး အန္တရာယ်များမှ လျော့ပါးသက်သာနိုင်စေရန် စီမံခန့်ခွဲခြင်းနှင့် အရေးပေါ်အခြေအနေများအတွက် ကြိုတင်ပြင်ဆင်ပြီး ထိရောက်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရန်။

**အဖွဲ့အစည်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု။** LWF မြန်မာအား ထိရောက်ပြီး အခြေအနေနှင့် လိုက်လျောညီစွာ ဆောင်ရွက်နိုင်သော အဖွဲ့အစည်းဖြစ်လာစေရန်။

## LWF မြန်မာ၏ စီမံကိန်း အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိသည့် ဒေသများ

LWF မြန်မာသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ဘိုကလေး၊ ဒေးဒရဲ၊ ဖျာပုံနှင့် တွံတေးမြို့နယ်များမှ ကျေးရွာ (၅၀) တွင် လုပ်ငန်းများ လုပ်ကိုင်လျက် ရှိပါသည်။ ကျေးရွာအများစုသည် ရေလမ်းခရီးဖြင့်သာ သွားရောက်နိုင်ပါသည်။
ထို့အပြင် LWF မြန်မာသည် ချင်းပြည်နယ် မင်းတပ်မြို့နယ်ရှိ ဝေးလံခေါင်းသီသော ကျေးရွာ (၁၄)ရွာတွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။
ACT နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးတို့၏ ပံ့ပိုးမှုဖြင့် LWF မြန်မာသည် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း ဆူပူအကြမ်းဖက်မှုကြောင့် နေအိမ်များမှ ရွှေ့ပြောင်းခဲ့ရသော ဒေသခံများအား လူသားချင်းစာနာထောက်ထားသည့် အကူအညီများ ပေးနေပါသည်။
(၂၀၁၃) ခုနှစ် အစောပိုင်းတွင် LWF မြန်မာသည် ကရင်ပြည်နယ် ဖားအံမြို့နယ်တွင် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်ရန်အတွက် ရုံးခွဲဖွင့်လှစ်ပြီး ဒေသဆိုင်ရာ အစိုးရဌာနများ၊ အခြားလုပ်ငန်းချင်း ဆက်စပ်ဆောင်ရွက်နေသူများနှင့် ရင်းနှီးသောဆက်ဆံရေးကို တည်ဆောက်လျက်ရှိပါသည်။
(၂၀၁၄) ခုနှစ်တွင် LWF မြန်မာသည် (၂၀၁၃-၂၀၁၈) မဟာဗျူဟာတွင် ချမှတ်ထားသည့်အစီအစဉ် နှင့်အညီ ချင်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မကွေးတိုင်းဒေသများရှိ မြို့နယ်နှင့် ကျေးရွာအသစ်များသို့ သွားရောက်၍ လုပ်ငန်းများ တိုးချဲ့လုပ်ဆောင်မည် ဖြစ်ပါသည်။

### ကျွန်ုပ်တို့၏ မျှော်မှန်းချက်

"မြန်မာပြည်သူပြည်သားများသည် တရားမျှတသော လူ့ဘောင်အဖွဲ့အစည်းအတွင်းတွင် ငြိမ်းချမ်းပြီး ဂုဏ်သိက္ခာရှိစွာ နေထိုင်နိုင်ကြရန် ၊ မတူကွဲပြားသော်လည်း စည်းလုံးညီညွတ်စွာ အတူယှဉ်တွဲ နေထိုင်နိုင်ရန်၊ အခြေခံလိုအပ်ချက်များနှင့် ဘဝအရည်အသွေးများ ပြည့်ဝသော ကမ္ဘာလုံးဆိုင်ရာ အခွင့်အရေးများကို ရယူနိုင်သည့် စွမ်းဆောင်ရည်များ မြင့်တက်လာစေရန်။"

### ကျွန်ုပ်တို့၏ ခံယူချက်


"LWF မြန်မာသည် လူသားများ ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိခံစားစေနိုင်ရန် ၎င်းတို့၏ စွမ်းဆောင်ရည်များ မြင့်တက်လာအောင် ကူညီပေးခြင်းဖြင့် ဆင်းရဲဒုက္ခနှင့် ဆင်းရဲနွမ်းပါးမှုများကို ဖြစ်ပေါ်စေသည့် အကြောင်းအရင်းနှင့် အကျိုးဆက်များကို ပပျောက်အောင် ကြိုးပမ်းဆောင်ရွက်ပါမည်။"

### ကျွန်ုပ်တို့၏ ရည်မှန်းချက် ပန်းတိုင်

လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နည်းလမ်းမှတစ်ဆင့် ရေရှည်တည်တံ့သောဖွံ့ဖြိုးမှုကို လုပ်ဆောင်ပြီး မြန်မာနိုင်ငံတွင် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို အထောက်အကူပြုရန်။

### ကျွန်ုပ်တို့၏ တန်ဖိုးထားမှုများ

ဂုဏ်သိက္ခာနှင့် တရားမျှတမှု၊
ကရုဏာထား ဆောင်ရွက်ခြင်းနှင့် ခိုင်မာသော ခံယူချက်ရှိခြင်း၊
အမျိုးမျိုးသော ကွဲပြားခြားနားမှုများအပေါ် လေးစားခြင်း၊
အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်း၊
တာဝန်ခံခြင်းနှင့် ပွင့်လင်းမြင်သာမှုရှိခြင်း။




# ၂၀၁၃ ခုနှစ်ဘဏ္ဍာရေးအစီရင်ခံစာ

မြန်မာနိုင်ငံရှိ ပြည်သူလူထုအား ကူညီနိုင်ရန် ကျွန်ုပ်တို့အား စိတ်ခွန်အား၊ နည်းပညာနှင့် ငွေကြေးများ ပံ့ပိုးပေးလျက်ရှိသော အလှူရှင်များအားလုံးကို ကျေးဇူးတင်ပါသည်။

- ဩစတြေးလျ လူသရမ်ဖေါလ် အကူအညီပေးရေးအဖွဲ့
- Dan Church Aid
- Finn Church Aid (FCA)
- Bread for the World
- GNC-HA-Deutscher Hauptausschuss
- Hong Kong Christian Council
- Church of Sweden
- Lutheran World Relief
- Evangerlical Lutheran Church in America
- Disciples: Week of Compassion
- Wider Church Minitries
- ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး
- လူထု၏ ထည့်ဝင်မှု
- အခြားအလှူရှင်များ


## အလှူရှင် တစ်ဦးချင်းစီ၏ ပံ့ပိုးငွေ ပုံစံကားချပ် (ယူရိုငွေကြေးနှင့် ဖော်ပြသည်)



| | | |
|---|---|---|
| ဩစတြေးလျ လူသရမ်ဖေါလ် အကူအညီပေးရေးအဖွဲ့ | ၅၀,၀၆၈ | ၂.၄% |
| Dan Church Aid | ၆၀,၀၀၀ | ၂.၉% |
| Finn Church Aid (FCA) | ၂၂၀,၁၁၆ | ၁၀.၇% |
| Bread for the World | ၂၂၄,၁၀၀ | ၁၁.၈% |
| GNC-HA-Deutscher Hauptausschuss | ၁၀,၀၀၀ | ၀.၅% |
| Hong Kong Christian Council | ၁၈,၈၃၀ | ၀.၉% |
| Church of Sweden | ၁,၀၀၆,၂၇၁ | ၄၈.၈% |
| Lutheran World Relief | ၁၉,၁၈၃ | ၀.၉% |
| Evangerlical Lutheran Church in America | ၂၈၁,၀၂၅ | ၁၃.၆% |
| Disciples: Week of Compassion | ၄,၅၁၇ | ၀.၂% |
| Wider Church Minitries | ၃,၈၆၃ | ၀.၂% |
| ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး | ၁၀၂,၈၂၇ | ၅.၀% |
| လူထု၏ ထည့်ဝင်မှု | ၃၃,၈၁၄ | ၁.၆% |
| အခြားအလှူရှင်များ | ၉,၂၃၄ | ၀.၄% |

## စီမံချက်အလိုက် အလှူငွေများ အသုံးပြုပုံ ပုံစံကားချပ် (ယူရိုငွေကြေးနှင့် ဖော်ပြသည်)

| | | |
|---|---|---|
| ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံချက် | ၇၀၆,၆၂၃ | ၃၄.၂% |
| ရခိုင်ရွှေ့ပြောင်းနေထိုင်သူများ ထောက်ပံ့ရေး စီမံချက် (ACT Appeal) | ၅၆၇,၂၃၁ | ၂၇.၅% |
| ရခိုင်ပြည်နယ်ရှိ စခန်းတွင်း ညှိနှိုင်းစီမံခြင်း (UNHCR) | ၁၀၂,၈၂၇ | ၅.၀% |
| ကလေးနှင့် လူငယ် ဖွံ့ဖြိုးတိုးတက်ရေး စီမံချက် (COS) | ၄၅၁,၃၇၂ | ၂၁.၉% |
| ဂန်ထမ်းစွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း (FCA) | ၁၇,၅၀၀ | ၀.၈% |
| မြန်မာနိုင်ငံ ကလေးအခွင့်အရေးဆိုင်ရာ စီမံချက် | ၇,၈၂၄ | ၀.၄% |
| စားနပ်ရိက္ခာ ထောက်ပံ့ရေး စီမံချက် (ELCA) | ၇၅,၈၆၀ | ၃.၇% |
| အာရှ/ ပစိဖိတ် VFL ဆန်းစစ်လေ့လာခြင်း (CWS) | ၈၈၇ | ၀.၀% |
| ကရင်ပြည်နယ်၏ ကနဦး စီမံချက် (FCA) | ၂၀,၀၀၀ | ၁.၀% |
| လူထုပူးပေါင်းပါဝင်မှုဖြင့် ဗွီဒီယို ရိုက်ကူးခြင်း(COS) | ၂၂,၀၅၄ | ၁.၁% |
| ဒိုင်ရာကိုနယ်စီမံချက် အထောက်အပံ့ | ၁၉,၅၆၀ | ၀.၉% |
| အစိုးရအဖွဲ့အစည်းများ၏ ဖွဲ့စည်းတည်ဆောက်ပုံများနှင့် လက်တွဲဆောင်ရွက်မှု လေ့လာအကဲဖြတ်ခြင်း (FCA) | ၇,၄၇၅ | ၀.၄% |
| စီမံကိန်းနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့်တင်ပေးခြင်း (BftW) | ၁၄,၁၀၀ | ၀.၇% |
| AZEECON | ၅၀,၅၃၅ | ၂.၄% |



စာရင်းစစ် အစီရင်ခံစာအကြမ်းမှ ကူးယူဖော်ပြပါသည်။

# ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ



# မြစ်ဝကျွန်းပေါ်ဒေသမှ ဖွံ့ဖြိုးရေးခြေလှမ်းများ

*LWF မြန်မာသည် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးနှင့် ကလေးနှင့်လူငယ်ဖွံ့ဖြိုးရေးစသည့် စီမံချက် ၂ ရပ်ကို တစ်ပြိုင်နက်တည်း အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ ထိုစီမံချက်များမှ ဒေသခံပေါင်း ၂၆,၀၀၀ ကျော်နှင့် လက်တွဲ အကောင်အထည် ဖော်ဆောင်ရွက်နေပါသည်။*

ကျေးရွာဖွံ့ဖြိုးရေးကော်မတီများသည် ကျေးလက်ဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး စီမံချက်၏ အဓိက အခန်းကဏ္ဍတွင် ပါဝင်နေပါသည်။ ကော်မတီအဖွဲ့ဝင်များအား ကျေးရွာလူထုမှ ရွေးချယ်ထားခြင်းဖြစ်ပြီး နှစ်စဉ် ကျေးရွာဖွံ့ဖြိုးမှု အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းတို့အတွက် ၎င်းကော်မတီအဖွဲ့ဝင်များမှ တာဝန်ယူ ကြီးကြပ်ပေးရပါသည်။

အစီအစဉ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော် ဆောင်ရွက်ခြင်းတို့အတွက် LWF မြန်မာသည် အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းနည်းလမ်းကို အသုံးပြု၍ ပံ့ပိုးကူညီပေးပါသည်။ ယခုအခါ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီသည် အများပါဝင်မှုဖြင့် ပူးပေါင်းဆောင်ရွက်ရန် နှစ်ပတ်လည် ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်ရေးဆွဲရာ၌ အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကလေးအဖွဲ့၊ အခြားလူထုအခြေပြု အဖွဲ့အစည်းများနှင့် တစ်ယောက်ချင်းစီတို့ထံမှ အကြံဉာဏ်များ စုဆောင်းလျက် ရှိပါသည်။ ဖျာပုံမြို့နယ် ရွှေတောင်စုကျေးရွာရှိ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များ၏ ပြောကြားချက်အရ ဤနည်းလမ်းသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီအတွက် "ရပ်ရွာလူထု၏ လိုအင်ဆန္ဒများအား တိုင်းတာ သိရှိစေနိုင်ခဲ့သည်" ဟုဆိုပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီတွင် အဖွဲ့အားလုံးမှ ကိုယ်စားလှယ်များ ပါဝင်ပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီသည် အမျိုးသမီးများ၊ လူငယ်များနှင့် ကလေးများ ပါဝင်မှုကို တိုင်းတာသော နှစ်စဉ်ကျေးရွာဆန်းစစ်မှုကိုလည်း ပြုလုပ်ပါသည်။

ရွှေတောင်စုတွင် LWF မြန်မာ မရောက်မီကတည်းကပင် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီကို ဖွဲ့စည်းထားပြီး ဖြစ်ပါသည်။ သို့သော် ယခုအခါ အခြားအဖွဲ့များမှ ကိုယ်စားလှယ်များဖြင့် ထပ်မံအားကောင်းအောင်ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်များ၏ ခေါင်းဆောင်မှုစွမ်းရည်၊ လူထုပါဝင်အောင် လှုံ့ဆော်နိုင်မှုစွမ်းရည်နှင့် အခြားသောကျွမ်းကျင်မှုများအတွက် သင်တန်းများ ပေးခဲ့သဖြင့် ပိုမိုထိရောက် အားကောင်းလာသည်ဟု ဒေသခံများမှ ပြောပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ ဥက္ကဋ္ဌဖြစ်သူ ဦးခင်ထွန်းမှ "ကျေးရွာဖွံ့ဖြိုးကော်မတီ အဖွဲ့ဝင်တွေက ဘယ်သူက ဘယ်တာဝန်ကို ယူထားတယ်ဆိုတာ အခုတော့ သိလာကြပြီ" ဟု ရှင်းပြပါသည်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်များ အပါအဝင် ကျေးရွာလူထုသည် အသိပညာများ ပိုမိုရရှိလာကြပြီး ထိရောက်မှုရှိသော ဖွံ့ဖြိုးရေးအစီအစဉ်များ ရေးဆွဲလာနိုင်သည့်အတွက် အဖွဲ့သည် ပိုမို အားကောင်းလာသည်ဟု သူက ဆက်ပြောပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်များသည် ကျေးရွာအုပ်စုအဆင့် အစည်းအဝေးများကို ကျေးရွာ (၇)ရွာမှ အဖွဲ့ဝင်များနှင့် လေးလတစ်ကြိမ် ကျင်းပပြီး မြို့နယ်အဆင့် အစည်းအဝေးများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီ (၁၅)ဖွဲ့နှင့် တစ်နှစ်လျှင် နှစ်ကြိမ် ပြုလုပ် ကျင်းပကြပါသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် ဒေသတွင်းအစိုးရအဖွဲ့ဝင်များအကြား ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းစေရန် လုပ်ဆောင်ခြင်းသည် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အရေးကြီးသောအဆင့် ဖြစ်သည်။ ထို့အပြင် ယခုနှစ်အတွင်း လူငယ်အဖွဲ့များ၊ ဒေသတွင်းအဖွဲ့များနှင့် ချိတ်ဆက်ရန် လေးလတစ်ကြိမ် အစည်းအဝေးများ ပြုလုပ်ပြီး စတင် လုပ်ဆောင်နေကြပါသည်။ ဤကဲ့သို့ချိတ်ဆက်ဆောင်ရွက်မှုများသည် စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းစဉ်အတွက် အရေးပါသောအဆင့်များ ဖြစ်ပါသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် ကလေးများနှင့် လူငယ်များအပါအဝင် ကျေးရွာတွင်နေထိုင်သူ၏ အသံများကို ဒေသဆိုင်ရာအစိုးရအဖွဲ့ဝင်များမှ ကြားသိစေရန် ပံ့ပိုးဆောင်ရွက်ပေးပါသည်။ ထိုအချက်သည် လူအများပူးပေါင်းပါဝင်ခြင်းနှင့် တာဝန်ခံခြင်းလုပ်ငန်းစဉ်များကို မြှင့်တင်ပေးပါသည်။

# ဗွီဒီယိုမှတဆင့် ဆွေးနွေးတင်ပြခြင်းနည်းလမ်း မြစ်ဝကျွန်းပေါ်ဒေသသို့ ရောက်ရှိလာခြင်း



*ဖျာပုံမြို့နယ်၊ အစီးကလေး ကျေးရွာသူရွာသားများသည် ရွာသားများ ရွှေ့ပြောင်းအလုပ်လုပ်ကိုင်ကြသဖြင့် ကျေးလက်ဒေသ စီးပွားရေးဆုတ်ယုတ်မှု ပပျောက်စေရန် ဗွီဒီယို ရိုက်ကူး၍ တာဝန်ရှိသူများထံ အသိပေးတင်ပြမှုများ ပြုလုပ်ခဲ့ကြသည်။*

ဖျာပုံမြို့နယ်၊ အစီးကလေးကျေးရွာတွင် နေထိုင်ကျသူများသည် ယနေ့ခေတ်တွင် ရေပန်းစားနေသည့် လူငယ်များ မြို့ပြသို့ ပြောင်းရွှေ့အလုပ်လုပ်ကိုင်ခြင်းကြောင့် ကျေးရွာ၏ဖွံ့ဖြိုးရေးကို ခြိမ်းခြောက်လာကြောင်း အစိုးရ တာဝန်ရှိသူများထံ အသိပေးဆွေးနွေးတင်ပြရန် ဗွီဒီယိုရိုက်ကူးခြင်းနည်းလမ်းကို အသုံးပြုခဲ့ကြသည်။ (၂၀၁၈)ခုနှစ် နာဂစ်မုန်တိုင်း တိုက်ခတ်ပြီးစဉ်ကတည်းက ကျေးရွာလူဦးရေ၏ (၁၀)ရာခိုင်နှုန်းသည် ရေကြည်ရာ မျက်နုရာ သို့ ရွှေ့ပြောင်းသွားကြတော့သည်။ ကျေးရွာလယ်သမားအဖွဲ့ဝင် တစ်ဦးဖြစ်သူ ဦးစံကြိုင်မှ ၎င်းတို့အား "ရွာမှ ပြောင်းရွှေ့သွားသော ပထမဦးဆုံးမျိုးဆက်များ" ဟုခေါ်ပြီး အများစုမှာ လူငယ်များဖြစ်သည်ဟု ဆိုသည်။ "ကျွန်တော်တို့ သူတို့ကို ပြန်ခေါ်လာလို့တော့မရဘူး။ ဒါပေမဲ့ အခုလိုမျိုး လုပ်နိုင်ကိုင်နိုင်တဲ့ လုပ်သားတွေ စက်ရုံတွေဆီ ရောက်သွားတဲ့နှုန်းကိုတော့ လျော့ကျသွားအောင် လုပ်ချင်ပါတယ်" ဟု ရှင်းပြပါသည်။

ရွာသားများ ရိုက်ကူးခဲ့သော "ကြုံတွေ့နေရ တို့ဘဝ" ဆိုသည့် ဖြစ်ရပ်မှန် မှတ်တမ်းတင် ဗွီဒီယိုသည် ကျေးလက်ဒေသမှ မြို့ပြများသို့ ရွှေ့ပြောင်းခြင်းကြောင့် ဖြစ်ပေါ်လာသည့် အကျိုးဆက်များကို ဆွေးနွေးခြင်းနှင့် မူဝါဒများ ချမှတ်ခြင်းတို့တွင် အထောက်အပံ့ဖြစ်စေမည်ဟု မျှော်လင့်ကြသည်။ ထိုသို့ ရွှေ့ပြောင်းခြင်းသည် စီးပွားရေးလိုအပ်ချက်အရ မဖြစ်မနေရွှေ့ပြောင်းရခြင်းထက် မိမိတို့၏ ရွေးချယ်မှုအရ ရွှေ့ပြောင်းရခြင်းမျိုးပင် ဖြစ်စေချင်ကြသည် ။ ထိုမှတ်တမ်းတင် ဗွီဒီယိုသည် ကျေးရွာ ဖွံ့ဖြိုးရေးအတွက် လူထုပူးပေါင်းပါဝင်မှုဖြင့် ဗီဒီယိုရိုက်ကူးခြင်းစီမံကိန်းမှ ထွက်ပေါ်လာသည့် ပထမဆုံး မှတ်တမ်းတင် ဗွီဒီယို ဖြစ်သည်။ ဆွီဒင်နိုင်ငံ အသင်းတော်၏ ရန်ပုံငွေဖြင့် LWF မြန်မာသည် ကျေးရွာစေတနာ့ဝန်ထမ်းများအား အခြေခံဗွီဒီယိုနည်းပညာနှင့် လူထုပူးပေါင်းပါဝင်မှုဖြင့် ရိုက်ကူးရေးအစီအစဉ်ရေးဆွဲနည်းနှင့် ရိုက်ကူးနည်းများကို သင်ကြားနိုင်ရန် ပံ့ပိုးပေးခဲ့သည်။ ကျေးရွာမှ လူအများစုအတွက်မှု ဗွီဒီယိုကင်မရာကို ပထမဆုံးအကြိမ် ကိုင်ဖူးခြင်းလည်း ဖြစ်ပါသည်။

သင်တန်းပြီးဆုံးသောအခါ ရွာသူရွာသားများသည် ၎င်းတို့ကျေးရွာများသို့ ပြန်ကြပြီး မှတ်တမ်းတင် ဗွီဒီယိုကို တစ်လအတွင်း ရိုက်ကူးခဲ့ကြသည်။ မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးသည့်အဆင့်များကို ဆွေးနွေးချိန်မှစတင်၍ အောက်တိုဘာလလယ် ကျေးရွာတွင်း ပထမဆုံးဗွီဒီယို ပြသသောအချိန်အထိ လူထုပူးပေါင်းပါဝင်မှုဖြင့်တောက်လျှောက် ပြုလုပ်ခဲ့ကြသည်။ မှတ်တမ်းတင် ဗွီဒီယိုကို ကြည့်ရှုတည်းဖြတ်ပြီးသောအခါ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကော်မတီဝင်များနှင့် သင်တန်းရရှိထားသော စေတနာ့ဝန်ထမ်းများမှ ၎င်းဗွီဒီယိုအား သက်ဆိုင်ရာမြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ်နှင့် နိုင်ငံတော်အဆင့် အစိုးရအရာရှိများထံသို့ ပေးပို့ခဲ့ကြပါသည်။

## အလုပ်သမား ရှားပါးလာခြင်း

လုပ်သားပြောင်းရွှေ့မှုမြန်ဆန်ခြင်းသည် ကောက်ရိတ်သိမ်းချိန်တွင် လုပ်သားမလုံလောက်မှုကို ဖြစ်ပေါ်စေပြီး အမြတ်နည်းသောလုပ်ငန်းအတွက် ကုန်ကျစရိတ်များ ပိုမိုသုံးစွဲလာရသည်ဟု လယ်သမားများမှ ရင်ဖွင့်ပါသည်။ မိဘများအနေဖြင့်လည်း ၎င်းတို့၏ သားသမီးများအား မြို့ပြဒေသများတွင် မတရားခေါင်းပုံဖြတ်ခံရခြင်းနှင့် လူကုန်ကူးခံရခြင်းများအတွက် စိုးရိမ်လျက်ရှိနေကြသည်။ မြစ်ဝကျွန်းပေါ်ဒေသရှိ ရွာအများစုကဲ့သို့ပင် အစီးကလေး ရွာ၌ တစ်နှစ် နှစ်ကြိမ် ကောက်ရိတ်သိမ်းချိန်တွင် လယ်လုပ်သား အများအပြား လိုအပ်နေသော်လည်း တစ်ခြား အချိန်များတွင်မူ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးနေသေးသည်။

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သည့် ဦးမြင့်ဝေမှ ၎င်း၏ သမီးအပါအဝင် ကျေးရွာမှ မိန်းကလေးများနှင့် အမျိုးသမီးငယ်အများစုသည် ရန်ကုန်မြို့ရှိ အထည်ချုပ်စက်ရုံများသို့ သွားရောက် အလုပ်လုပ်ကိုင်မှုများ များပြားလာသည်ဟု ဆိုသည်။ သို့သော် ရွာကျောင်းပညာရေးအဆင့်သာ ရှိကြသဖြင့် ရာထူးတက်ရန် အခွင့်အလမ်းတော့ မရှိကြပေ။ " ကျွန်တော့်သမီးက အထက်တန်းမအောင်တော့ အလုပ်ကြိုးစားပေမဲ့လည်း တော်တော်နဲ့ ရာထူးမတက်ဘူးဗျ" ဟု ဦးမြင့်ဝေက ပြောပါသည်။

မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးခြင်းကြောင့် ရွာသူရွာသားများသည် လုပ်သားများရွှေ့ပြောင်းခြင်းနှင့် ပတ်သက်သည့်အချက်အလက်များကို ပိုမို တိတိကျကျ ဆန်းစစ်လာနိုင်ခဲ့သည်။ " ရွှေ့ပြောင်းမှုနဲ့ ပတ်သက်ပြီး ပထမဆုံး အကြိမ် သတင်းအချက်အလက်တွေကို စုဆောင်းနိုင်ခြင်းပဲ" ဟု လယ်သမားအုပ်စု၏ အဖွဲ့ဝင် တစ်ဦးဖြစ်သည့် ဒေါ်ခင်ယုနိုင်မှ ရှင်းပြပါသည်။ (၂၀၀၉) ခုနှစ်မှစ၍ မြို့ပြတွင် သွားရောက် အလုပ်လုပ်ကိုင်ရန် ရွာမှ ထွက်သွားသူပေါင်း (၅၃) ယောက် ရှိသည်ကို တွေ့ရှိရပြီး မှတ်တမ်းတင် ဗွီဒီယို ရိုက်ကူးပြီးနောက် တစ်လအကြာတွင် (၅)ယောက် ထပ်မံရွှေ့ပြောင်းသွားခဲ့သည်ဟု ပြောသည်။ LWF နှင့်လက်တွဲအလုပ်လုပ်နေသည့် အခြားသော ကျေးရွာများတွင်လည်း ရွှေ့ပြောင်းမှုနှုန်း ပိုမိုများပြားလာခဲ့ပြီး အစီးကလေးရွာ ကဲ့သို့ပင် ရွှေ့ပြောင်းသွားသူ အများစုမှာ လူငယ်များ ဖြစ်ကြသည်။ အသက် (၂၆)နှစ်အရွယ် ကိုအောင်ဖြိုး၏ သူငယ်ချင်းအတော်များများသည် ဖိုးကုန်းကျေးရွာမှ ရွှေ့ပြောင်းသွားခဲ့ကြပြီဟု ၎င်းကပြောပါသည်။ "အသက် (၃၀)အောက် လူငယ်တိုင်းလိုလို ရွာကပြောင်းသွားကြတယ်။ မနှစ်ကဆိုရင် လူ (၂၀) လောက်နီးနီးရွှေ့ပြောင်း သွားခဲ့ကြတယ်" ဟု ဆက်ပြောပါသည်။ အသက် ၁၅ နှစ်အရွယ်ခန့် အရွယ်အချို့လည်း ပါဝင်ကြသည်။ ကျေးရွာ လူငယ်အဖွဲ့တွင်လည်း အဖွဲ့ဝင် (၁၁)ယောက်မှ (၆)ယောက်အထိ လျော့ကျသွားခဲ့သည်။ "အခုလို ရွှေ့ပြောင်း မှုတွေကြောင့် အလုပ်သမားရှားသွားတဲ့အပြင် ရွာမှာရှိတဲ့ ဘုရားပွဲနဲ့ အခြားရာသီပွဲတွေမှာ လုပ်အားပေးမယ့် စေတနာ့ဝန်ထမ်းတွေ နည်းသွားကြတယ်" ဟု အစီးကလေးတွင် နေထိုင်သူ ရွာသားများမှ ပြောကြားခဲ့သည်။ "ကျွန်တော်တို့လယ်တွေမှာ ရင်းနှီးမြုပ်နှံမှုတွေ များများလုပ်ပြီး အလုပ်အကိုင်အခွင့်အလမ်းတွေလည်း တိုးပြီး ဖန်တီးပေးရမယ်"ဟု ဦးစံကြိုင်မှ ဆိုသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအဖွဲ့ဝင်များသည် ထိုကိစ္စရပ်ကို လွန်ခဲ့သော တစ်နှစ်ခန့်မှစ၍ ဒေသခံ တာဝန်ရှိသူများနှင့် တိုင်ပင်ဆွေးနွေးခဲ့ကြပြီး ယခုအခါ ၎င်းတို့၏ လှုပ်ရှားမှုများကို ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် မှတ်တမ်းတင် ဗွီဒီယိုရိုက်ကူးခြင်းနည်းလမ်းကို အသုံးပြုလျက် ရှိသည်။

# ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးနေ့ အခမ်းအနားကို ကျေးရွာဟန်ပန် နှင့်အညီ ဆင်နွှဲခြင်း ...

LWF မြန်မာသည် ယခုနှစ်တွင် ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများနေ့ (CRC) အပြည်ပြည်ဆိုင်ရာအခမ်းအနားအား ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသရှိ ကျေးရွာပေါင်း (၅၀)တွင် ကျင်းပနိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည်။ ထိုအခမ်းအနားများတွင်  သရုပ်ဖော်ပြဇာတ်များကခြင်း၊ ပန်းချီဆွဲခြင်း၊ စာဖတ်ခြင်း၊ ကလေးသူငယ်ဆိုင်ရာ အခွင့်အရေးများပါသော မှတ်စုစာအုပ် ဖြန့်ဝေခြင်း၊ ပုံဆွဲရန်၊ စာရေးရန်၊ ရောင်စုံခြယ်ရန်နေရာများ ဖန်တီးပေးခြင်း စသည့် အစီအစဉ်များ ပါဝင်သည်။ ဘိုကလေးမြို့နယ်ရှိ ကျေးရွာ(၁၈)ရွာမှ မိသားစုများသည် ကျောင်းစုရွာ၌ ထိုအခမ်းအနားကို သန်းခေါင်ယံကျော် အချိန်အထိ ကျင်းပကြသည်ဟု ဒေသခံများမှ ပြောပါသည်။

အခမ်းအနားကို မနက် (၉)နာရီမှ စတင်ကာ နောက်တစ်နေ့မနက် (၃)နာရီကျော်အထိ ဆင်နွှဲကြသည် ဟုအခမ်းအနားပြီး နောက်တစ်နေ့ နိုဝင်ဘာလ (၂၀) ရက်နေ့တွင် လူငယ်အဖွဲ့ဝင် စာရင်းကိုင်ဖြစ်သူ မသဲအိဖြူက ပြောပါသည်။ ပြည်လုံးချမ်းသာ ဘုရားဝင်းအတွင်း ပြုလုပ်သော ထိုအခမ်းအနားကို ကျောင်းစုမှ လူ (၁၁၀)ခန့်နှင့် အခြားကျေးရွာများမှလူ (၂၀၀၀)ခန့်တက်ရောက်ခဲ့ပြီး အကြီးမားဆုံးအခမ်းအနားတစ်ခု  ဖြစ်ခဲ့သည်။ ပျော်ရွှင်စရာကောင်းယုံမျှမက ရွာပေါင်း (၁၈)ရွာမှ ကလေး၊ လူငယ်အဖွဲ့များနှင့် မြို့နယ်အဆင့်အထိ ကွန်ယက်ချိတ်ဆက်နိုင်ခဲ့သည့်အပြင် သက်တူရွယ်တူများအကြား အောင်မြင်မှုများနှင့် စိန်ခေါ်မှုများကိုပါ မျှဝေနိုင်ခဲ့သည်ဟု လူငယ် အဖွဲ့ဝင် မတင်တင်အိမှ ပြောပါသည်။

"ဒီလိုအခမ်းအနားမျိုးလုပ်ဖို့ ရန်ပုံငွေ ရှာရတာ အကြီးမားဆုံး စိန်ခေါ်မှု ဖြစ်နိုင်တဲ့အတွက် အခြားလူငယ်အဖွဲ့တွေနဲ့တိုင်ပင်ပြီး သူတို့ဘယ်လိုလုပ်လဲ ဆိုတာတွေကို မေးမြန်းခဲ့ရတယ်။" ဟု မသဲအိဖြူမှ ပြောပါသည်။ ဒေသတွင်းတွင် ထိုအခမ်းအနားများကို တပတ်လုံးနီးပါး ဆက်တိုက်ကျင်းပခဲ့ကြသည်။ နိုဝင်ဘာလ (၂၃)ရက်နေ့၊ ဒေးဒရဲမြို့နယ် အုန်းပင်ကျေးရွာ သကျမုနိဘုရားဝင်းအတွင်း တစ်လနှစ်ကြိမ်ပြုလုပ်လေ့ရှိသည့် ကလေးပျော် အစီအစဉ်တွင်လည်း ကလေးသူငယ်ဆိုင်ရာအခွင့်အရေး သဘောတူညီမှုစာတမ်းပါ အချက်အလက်များကို ဆွေးနွေးကာ ပျော်စရာအစီအစဉ်များဖြင့် ဆော့ကစားခဲ့ကြသည်။ ကျေးရွာမှလူငယ်အဖွဲ့ဝင်များနှင့် မူကြို ဆရာမများ ဦးဆောင်သည့် ထိုဆွေးနွေးပွဲသို့  ကလေးအယောက် (၁၀၀)နီးပါးခန့် တက်ရောက်ခဲ့ကြသည်။ ကလေးအဖွဲ့ဝင်များသည် သီချင်းဆိုခြင်း၊ ကဗျာရွတ်ဖတ်ခြင်း၊ ပုံပြင်ပြောခြင်း၊ ဆော့ကစားခြင်းဖြင့်  ကလေးအခွင့်အရေးများကို လေ့လာသင်ယူခဲ့ကြသည်။



တစ်လ နှစ်ကြိမ်ကျင်းပသည့် ထိုတွေ့ဆုံပွဲတွင် အခမ်းအနားမှူးလုပ်ရသည်ကို မဂင်းသဒ္ဒါက ပျော်ရွှင်ပုံရသည်။ (၉)နှစ်အရွယ် သူမသည်  ကလေးအခွင့်အရေးများထဲမှ အရေးအကြီးဆုံးက ပါဝင်ခွင့်ရှိခြင်းဟု ယုံကြည်ချက်အပြည့်ဖြင့် ပြောပါသည်။ သူငယ်ချင်းဖြစ်သူ (၁၂)နှစ်အရွယ် မခင်သူဇာကလည်း သူမပြောသည်ကို ထောက်ခံသည်။ (၁၁)နှစ်အရွယ် မသင်းသင်းကမူ ကလေးများကာကွယ်စောင့်ရှောက်ခံခွင့်ရှိခြင်းသည် အရေးအကြီးဆုံးဖြစ်သည်ဟု ပြောခဲ့ပြီး (၁၁)နှစ်အရွယ် မအိမွန်ဝင်းကတော့ အသက်ရှင်ထိုင်ခွင့်ရှိခြင်းဟု ပြောခဲ့သည်။ အဖြေများကွဲပြားသော်လည်း ၎င်းတို့ အငြင်းအခုန်မဖြစ်ခဲ့ကြပါ။

မြန်မာနိုင်ငံသည် (၁၉၉၁) ခုနှစ်မှ စတင်ပြီး အပြည်ပြည်ဆိုင်ရာကလေးသူငယ် အခွင့်အရေး သဘောတူညီမှုတွင် ထုတ်ပြန်ခဲ့သည့် ကလေးအခွင့်အရေးများကို လက်ခံကျင့်သုံးခဲ့ပြီး (၁၉၉၃)ခုနှစ် ဇူလိုင်လတွင် ကလေးသူငယ်ဆိုင်ရာဥပဒေကို ပြဌာန်းခဲ့ပါသည်။ လက်ရှိ အချိန်တွင် နိုင်ငံတော်အစိုးရသည် ကလေးသူငယ်ဆိုင်ရာဥပဒေကို ပြန်လည် သုံးသပ်လျက် ရှိနေပါသည်။ ထိုဥပဒေအသစ်တွင် ငယ်ရွယ်သူဟုခေါ်သော အသက်အရွယ်ကို (၁၆) နှစ်အစား (၁၈)နှစ်အထိ ပြဌာန်းမည် ဖြစ်ပါသည်။ ထို့ပြင် အလုပ်လုပ်နိုင်သည့် အငယ်ဆုံး အသက်အရွယ် သတ်မှတ်ခြင်း၊ ကလေးများနှင့် လက်ထပ်ခြင်းအား ဥပဒေအရတားမြစ်ခြင်း၊ ရာဇဝတ်မှုချမှတ်ခြင်းများနှင့် ရင်ဆိုင်ရာတွင် အငယ်ဆုံးအသက်ကို မြှင့်တင်ခြင်းစသည်တို့ကိုလည်း ပြဌာန်းမည် ဖြစ်သည်။

(၂၀၁၄)ခုနှစ်တွင် ထိုဥပဒေအသစ်အား လွှတ်တော်သို့ တင်ပြရန် စီစဉ်ထားရှိပါသည်။ ထိုဥပဒေသစ်အား အတည်ပြုပြီးပါက မြန်မာနိုင်ငံ၏ ဥပဒေသည် ကမ္ဘာ့စံနှုန်းနှင့်အညီ ဖြစ်လာမည် ဖြစ်ပါသည်။ ထိုအချက်သည် ကလေးများအား ကာကွယ်စောင့်ရှောက်ရေးအတွက် အရေးပါသောအဆင့်တစ်ခု ဖြစ်ပါသည်။

# လယ်သမားများအဖွဲ့ ၏ ကျပ်သိန်း (၇၀)ခန့်ရှိသော ရန်ပုံငွေ

လွန်ခဲ့သော (၂)နှစ်အတွင်း ဘိုကလေးမြို့နယ် အုန်းပင်စုကျေးရွာမှ လယ်သမားများအဖွဲ့ ရန်ပုံငွေသည် ကျပ်သိန်း ၇၀ခန့်ထိ တိုးပွားခဲ့ပြီး လယ်သမားအဖွဲ့ဝင် (၂၀)အား အတိုးနှုန်း (၃)ရာခိုင်နှုန်းဖြင့် စိုက်ပျိုးချိန် မတိုင်ခင် ချေးငွေ ထုတ်ချေးနိုင်ခဲ့ပါသည်။ ထိုအဖွဲ့မှ အဖွဲ့ဝင်အများစုမှာ အမျိုးသမီးများ ဖြစ်ကြသည်။ ထိုအတိုးနှုန်းသည် ဒေးဒရဲမြို့အနီးရှိ ပုဂ္ဂလိကငွေချေးသူများထံမှ လယ်သမားများ ချေးယူသော အတိုးနှုန်း၏ထက်ဝက်ခန့် သက်သာပါသည်။ "ပုဂ္ဂလိက ငွေချေးတဲ့သူတွေဟာ တစ်လကို အတိုးနှုန်း (၅)ရာခိုင်နှုန်းမှ (၈)ရာခိုင်နှုန်းအထိ ကောက်ယူကြတယ်။ ခုတော့ အတိုးနှုန်းသက်သာလို့ ငွေစု နိုင်ရုံသာမကဘူး အရင်းဖြစ်တဲ့ ရန်ပုံငွေတွေဟာလည်း လယ်သမားတွေအပိုင်ပဲလေ"ဟု လယ်သမားအဖွဲ့ ခေါင်းဆောင် ဦးသိန်းမြင့်မှဆိုပါသည်။

လယ်သမားအဖွဲ့မှ စာရင်းကိုင် ဒေါ်ခင်သီတာမြင့်၏ ခန့်မှန်းတွက်ချက်ပေးချက်အရ နောင်နှစ်တွင် ရန်ပုံငွေသည် ငွေကျပ် ၈၆သိန်းခန့်အထိ တိုးလာနိုင်သည်ဟု သိရသည်။ ထိုရန်ပုံငွေများထဲမှ ကျပ်သိန်း ၆၀ ခန့်ကို ကျောင်းဆောက်လုပ်ရာတွင် ပါဝင်ကူညီမည်ဟုလည်း သူမက ဆက်ပြောပါသည်။ "အတိုးနှုန်းနည်းတဲ့အတွက် အဖွဲ့ကနေ ငွေချေးရတာ စိတ်ဖိစီးမှု သိပ်မရှိဘူး" ဟုသူမက ရှင်းပြသည်။ "ငွေချေးယူတဲ့သူရဲ့ လယ်မြေဧကပေါ်မူတည်ပြီးတော့ ငွေကျပ် ၁ သိန်း ၄ သောင်းမှ ၂ သိန်းခွဲကြား အဖွဲ့မှ ငွေချေးယူနိုင်တယ်" ဟု အဖွဲ့ဝင်များမှ ရှင်းပြကြသည်။ "လယ် ၁၀ဧက လောက်ရှိရင်တော့ ချေးငွေအများကြီး ချေးလို့ ရတာပေါ့" ဟု အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့ ကိုခင်မောင်မြင့်က ပြောပါသည်။

လယ်သမားများသည် ချေးငွေများကို မြေသြဇာ၊ မျိုးစေ့များဝယ်ယူရန်နှင့် အလုပ်သမားခပေးရန် အသုံးပြုကြသည်။ သို့သော် ၎င်းတို့ချေးယူနိုင်သော ငွေပမာဏသည် ထိုကုန်ကျစရိတ်အားလုံးအတွက် မလုံလောက်နိုင်ပါ။ သီးနှံစိုက်ပျိုးရန် လယ်မြေတစ်ဧကအတွက် ငွေကျပ် ၂သိန်းခန့် ကုန်ကျမည်ဖြစ်ပြီး ရာသီဥတုကောင်းပြီး (သို့) ပိုးမကျပါက ထိုသီးနှံတစ်ဧကလျှင် ၃သိန်းခွဲဖြင့် ငွေပြန်ပေါ်နိုင်သည်။

မြန်မာနိုင်ငံ၏ ကျေးလက်ဒေသများမှ ဘဏ်များတွင် ချေးငွေပေးနိုင်ချေနည်းသဖြင့် လယ်သမားများသည် အကြွေးသံသရာတွင် လည်လျက်ရှိနေပြီး ငွေလျှင်မြန်စွာ ပြန်ပေါ်နိုင်သော လုပ်ငန်းများကိုသာ အဓိကထား လုပ်ကိုင်နေကြရသလို ကိုယ်ပိုင်လယ်ယာမြေများတွင် ရင်းနှီးမြှုပ်နှံရန် နှောင့်နှေးမှုများရှိနေကြသည်။ လယ်သမားများ၏ ဝင်ငွေ (၅၀)ရာခိုင်နှုန်းခန့်မှာ ပုဂ္ဂလိက ငွေချေးသူများထံသို့ အတိုးအဖြစ် ပေးအပ်နေကြရသည်။ ထို့ကြောင့် လယ်သမားများ အကြွေးသံသရာမှ လွတ်မြောက်နိုင်ရန် အလို့ငှာ ငွေစုငွေချေး အဖွဲ့များဖွဲ့ခြင်းသည် အရေးပါသော ခြေလှမ်းတစ်ခုဖြစ်ကြောင်း လယ်သမားများက အသိအမှတ်ပြုကြသည်။



# ချင်းပြည်နယ်တွင် စတင် အကောင်အထည်ဖော်သော LWF ၏စီမံချက်အသစ်



# ချင်းပြည်နယ်တွင် စတင် အကောင်အထည်ဖော်သော LWF ၏ စီမံချက်အသစ်

## ဒေသတွင်း အင်အားမှသည် ဖွံ့ဖြိုးရေးဆီသို့

သာယာလှပသော ပီးဟူရွာကလေးသည် တောင်တန်းဒေသဖြစ်သည့် ချင်းပြည်နယ်တွင် တည်ရှိပါသည်။ ထိုရွာကလေးသည် ချင်းပြည်နယ် မင်းတပ်မြို့နှင့် (၃၆)မိုင်အကွာတွင် တည်ရှိပါသည်။ ချင်းပြည်နယ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နှင့် နယ်နမိတ်ချင်း ထိစပ်လျက်ရှိပြီး မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအနည်းဆုံးနှင့် လမ်းပန်းဆက်သွယ်ရေးအခက်ခဲဆုံးဒေသ ဖြစ်ပါသည်။

LWF မြန်မာသည် (၂၀၁၃)နှစ် နွေဦးရာသီတွင် စီမံကိန်းအသစ်စတင်ရန် မင်းတပ်မြို့၌ ရုံးခွဲ ဖွင့်လှစ်ပြီး ဝန်ထမ်းသစ်များခန့်ခြင်းနှင့် လေ့ကျင့်သင်ကြားပေးခြင်းများ ပြုလုပ်ခဲ့သည်။ ယင်းစီမံကိန်းသည် သုံးနှစ်ခန့် ကြာမြင့်မည်ဖြစ်ပြီး ပထမလုပ်ငန်းစဉ်အဖြစ် လက်တွဲလုပ်ဆောင်မည့် ကျေးရွာပေါင်း (၁၄) ရွာကို ရွေးချယ်ခဲ့စဉ်တွင် ပီးဟူးရွာလည်း တစ်ရွာ အပါအဝင် ဖြစ်ပါသည်။

LWF မြန်မာသည် လူထုအား တက်ကြွပြီး တာဝန်ယူမှုရှိသော နိုင်ငံသားများဖြစ်လာစေရန် စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်းလုပ်ငန်းများကို အဓိကထားဆောင်ရွက်ပါသည်။ ဒေသ၏ လူနေမှုအခြေအနေနှင့် ပတ်ဝန်းကျင်၌ ကြုံတွေ့နေရသော စိန်ခေါ်မှုများကို ဆွေးနွေးရန်အတွက် စီမံချက်၏ တစိတ်တဒေသ ဖြစ်သည့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ ဖွဲ့စည်းခဲ့သည်။ ထို့အတူ ဒေသခံများ၏ ကိုယ်ပိုင်အရင်းအမြစ်များအသုံးချပြီး တာဝန်ရှိသော အစိုးရဝန်ထမ်းများနှင့် တဖက်တလမ်းမှ ပံ့ပိုးပေးနေသော LWF အဖွဲ့ထံမှ အကူအညီတို့ကို ရယူ၍ ကျေးရွာဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရန် ဖြစ်ပါသည်။

"ရွာသူရွာသားများနှင့်အတူ သူတို့ရဲ့ဘဝလူနေမှုအဆင့်အတန်း၊ လူမှုစီးပွားအခြေပြ လေ့လာ ဆန်းစစ်ခြင်းများကို ဆွေးနွေးခဲ့ကြသည်" ဟု အသက်(၂၆)နှစ်အရွယ်ရှိ လူထုစွမ်းဆောင်ရည် မြှင့်တင်ရေးတာဝန်ခံ ကိုသန်းလွင်စိုးမှ ပြောပြခဲ့သည်။ ကျေးရွာ (၃)ရွာတွင် လူထုစွမ်းရည် မြှင့်တင်ရေးလုပ်ငန်းများကို ကိုသန်းလွင်စိုးသည် သူ၏ လုပ်ဖော်ကိုင်ဖက်ဖြစ်သူ အသက် (၂၃) နှစ်အရွယ် မတင်တင်နနှင့်အတူ လုပ်ကိုင်လျက် ရှိပါသည်။

"ဒီဒေသမှာတော့ အစိုးရအရာရှိတွေလို ပုံမှန်ဝင်ငွေရှိတဲ့သူတွေကို စီးပွားရေးအဆင်ပြေတဲ့လူတွေလို့ သတ်မှတ်ကြတယ်။ ဂါးတဲလေးလေးတွေမှာ နေထိုင်ကြပြီး စိုက်ပျိုးဖို့ အိမ်စရိတ်လောက်အောင်မရတဲ့ လယ်ကွက်သေးသေးသာရှိပြီး အခြားအိမ်သားတွေရှာတဲ့ ဝင်ငွေပေါင်းလိုက်ရင်တောင်မှ မိသားတစ်စုလုံးကို တစ်နှစ်ပတ်လုံး လောက်အောင် မကျွေးနိုင်တဲ့ သူတွေကိုတော့ ဆင်းရဲတယ်လို့ သတ် မှတ်ကြတယ်။"

ဤကဲ့သို့ဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် ရွာသူရွာသားများသည် ၎င်းတို့၏ အခြေအနေများကို ကိုယ်တိုင်သိမြင်လာစေရုံသာမက လူထုစွမ်းရည်မြှင့်တင်ပေးသောတာဝန်ခံများလည်း ရွာသူရွာသားများ၏ လိုအပ်ချက်နှင့် အခက်အခဲများကို အသေးစိတ် သိရှိစေနိုင်ပါသည်။

"ရွာသူရွာသားအများစုက သူတို့ကိုယ်သူတို့ ဆင်းရဲတယ်လို့ ထင်ကြတယ်။ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့ခြင်းရဲ့ ရည်ရွယ်ချက်က အိမ်ခြေ (၃၀)ခန့်ရှိတဲ့ ရွာကိုယ်စား ရွာသူရွာသားအားလုံး ကောင်းကျိုးအတွက် လုပ်ဆောင်ပေးဖို့ဖြစ်ပါတယ်။ အခုဆိုရင် ကော်မတီမှာ အမျိုးသား (၄) ဦး နှင့် အမျိုးသမီး (၃) ဦးရှိပြီး ဖွံ့ဖြိုးရေးအစီအစဉ်တွေကို မကြာခင် ရေးဆွဲကြတော့မှာပါ။"

## ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီရှိ အမျိုးသမီးများ၏ စွမ်းရည်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ အဖွဲ့ဝင်တစ်ဦးဖြစ်သူအသက် (၅၃) နှစ်အရွယ် ဒေါ်ခင်နွယ်မူသည် စိုက်ပျိုးရေးမှရရှိသော ဝင်ငွေသည် မိသားစုဝင်များသော အိမ်ထောင်စုများအတွက် လုံလောက်မှုမရှိဟု ပြောပါသည်။ ရိတ်သိမ်းချိန်တွင် စပါးကဲ့သို့သော ကောက်ပဲသီးနှံအများစုကို မိသားစုစားသုံးရန်အတွက် အသုံးပြုရသဖြင့် ကျန်ရှိသောအနည်းငယ်ကိုသာ ရောင်းချခြင်းဖြင့် အခြားသောကုန်ကျစရိတ်များကို မကာမိတော့ချေ။

ချင်းပြည်နယ်၏ လူဦးရေ လေးပုံသုံးပုံသည် စားနပ်ရိက္ခာ မလုံလောက်မှုပြဿနာနှင့် ရင်ဆိုင်ကြုံတွေ့နေရပြီး ယင်းအခြေအနေသည် မြန်မာနိုင်ငံရှိဒေသများတွင် အဆိုးရွားဆုံး ဖြစ်ပါသည်။ (၂၀၀၇) ခုနှစ်နောက်ပိုင်း ပြည်နယ်၏ စိုက်ခင်းများ၌ ကြွက်များ ဝင်ရောက်ဖျက်ဆီးမှုကြောင့် စားနပ်ရိက္ခာမလုံလောက်မှုသည် တဟုန်ထိုး မြင့်တက်လာခဲ့ပြီး ယနေ့အချိန်အထိ ပုံမှန်အခြေအနေအတိုင်း ပြန်လည်ကောင်းမွန လာခြင်း မရှိသေးပါ။

မိဘအိမ်၌နေထိုင်စဉ်က ကျောင်းနှင့် အိမ်နီးသဖြင့် အလယ်တန်းအဆင့် ပြီးဆုံးအောင် တက်နိုင်ခဲ့သည်ဟု ဒေါ်ခင်နွယ်မူကပြောသည်။ "ပညာရေးက နည်းလမ်းအမျိုးမျိုးနဲ့ ဘဝကို အထောက်အကူပြုတယ်။ ကမ္ဘာမှာဖြစ်ပျက်ပြောင်းလဲနေတဲ့ သတင်းတွေကို လူတွေကို သိအောင်လုပ်ပေးတယ်။ ပြီးတော့ ပညာရေးဟာ ဝင်ငွေရှာဖို့အတွက် နည်းလမ်းတစ်မျိုးလည်း ဖြစ်တယ်" ဟု သူမက ပြောပါသည်။

စာမျက်နှာ၁၉သို့ဆက်ရန်

# ရွာကျောင်းတွင် မိန်းကလေးဦးရေ တိုးမြင့်လာခြင်း

အသက်(၅၉)နှစ် ဒေါ်အွမ်ရောင်တစ်ယောက် ပြူတင်းပေါက်မှထွက်ကာ ခေါင်းလောင်းထိုးလိုက်ချိန်တွင် ကြားဒိုကျေးရွာကျောင်းမှ ကလေးများသည် ဘောလုံးကန်ကစားနေရာမှ ကျောင်းခန်းထံသို့ အပြေး ပြန်ဝင်လာခဲ့ကြသည်။

ကြားဒိုရွာသည် ချင်းပြည်နယ် မင်းတပ်မြို့နယ်မှ ခြေကျင်ဖြင့် နှစ်နာရီခန့်သွားရသော နေရာတွင် တည်ရှိသည်။ ရွာရှိအိမ်များကို တောင်ကြားနှင့် ဘေးပတ်လည်ရှိ တောင်စောင်းများပေါ်တွင် တည်ဆောက်ထားပါသည်။ ကြည်လင်သော မြစ်တစ်စင်းသည် တောင်ကြားထဲသို့ ဖြတ်ကာ စီးဆင်းနေပါသည်။ ရောင်စုံလိပ်ပြာလေးများ၊ လှပသောပန်းကလေးများ အများအပြားရှိနေသော စိမ်းလန်းသော စိုက်ခင်းများမှ ရပ်ဝေးမှဖော်သဟာများအား ကြိုဆိုလျက်ရှိပါသည်။

ကြားဒိုရွာမှ ကျောင်းလေးကို တောင်ကုန်းတစ်ခုပေါ်တွင် ဆောက်လုပ်ထားခြင်း ဖြစ်ပါသည်။ ကျောင်း၏ တစ်ခုတည်းသော ကျယ်ဝန်းသည့်ခန်းမထဲ၌ ကျောင်းသားများသည် စားပွဲနှင့် ခုံတန်းရှည်ကြီးများပေါ်တွင် ထိုင်နေကြသည်။ ပထမတန်းနှင့် ဒုတိယတန်း ကျောင်းသား၊ ကျောင်းသူများသည် သူ့အုပ်စုနှင့်သူ ရှိနေကြသည်။

LWF မြန်မာသည် လူ့အခွင့်အရေးအခြေပြု စွမ်းဆောင်ရည်မြှင့်တင်မှုစီမံချက်အား ကြားဒိုရွာနှင့် ချင်းပြည်နယ်ရှိ အခြားကျေးရွာ(၁၃) ရွာတွင် စတင်ဆောင်ရွက်ခဲ့သည်။ LWF မြန်မာသည် စားနပ်ရိက္ခာဖူလုံမှု၊ ပညာရေးနှင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများအား လက်လှမ်းမီမှု စသည်အချက်များသည် ဤဒေသ၏ အဓိကစိန်ခေါ်မှုများဖြစ်သည်ကို သတိပြုမိသည်။

"ကျောင်းမှာ သူငယ်တန်းကနေ စတုတ္ထတန်းအထိ ကျောင်းသားကျောင်းသူပေါင်း (၁၀၀)လောက် ရှိတယ်။ တခြားအယောက်(၄၀) လောက်ကတော့ မူကြိုကလေးတွေပေါ့။ တချို့ ကလေးတွေက ကျောင်းနဲ့ နီးတဲ့နေရာတွေမှာ နေကြပေမဲ့ တချို့ကျတော့ ကျောင်းကို (၂)မိုင် ၊ (၃)မိုင်လောက် လမ်းလျှောက်လာကြရတယ်" ဟု ဆရာမဒေါ်အွမ်ရောင်က ပြောပါသည်။ "လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့နေရာကနေ ကျောင်းလာတက်ရရင် တစ်နေ့ အသွားအပြန်ခရီးကကို နာရီပေါင်းတော်တော်ကြာတယ်" ဟု သူမကဆိုသည်။



ဒေါ်အွမ်ရောင်သည် စာသင်နှစ် (၃၅)နှစ်ကျော်ခန့် ရှိပြီး မန္တလေးမြို့တွင် တစ်နှစ်ကြာ ပညာဆည်းပူးပြီးနောက် ဆရာမဘွဲ့ ကိုရရှိခဲ့သည်။ ထိုအချိန်မှစ၍ ယနေ့အချိန်အထိ စာသင်ကျောင်းတွင် ပြောင်းလဲမှုများစွာ ရှိခဲ့သည်။ "အရင်တုန်းကဆို မိဘတွေက သားတွေကိုပဲ ကျောင်းကို လွှတ်ချင်ကြတယ်။ အခုခေတ်မှာတော့ အများစုက ယောကျာ်းလေးတွေ ဖြစ်နေသေးပေမဲ့လည်း မိန်းကလေးဦးရေလည်း တက်လာပါပြီ " ဟု သူက ရှင်းပြခဲ့သည်။

# ကျောင်းတွင် ဆရာ၊ ဆရာမများ လိုအပ်နေသေးသည်

ဒေါ်အွမ်ရောင်၏ ပြောကြားချက်များအရ ကျောင်းတွင် မြန်မာစာကို ရေးတတ်၊ ဖတ်တတ်ရန် အဓိကထား သင်ကြားပေးနေသည်။ ချင်းပြည်နယ်ရှိ လူမျိုးနွယ်စု (၅၀)ကျော်မှ တစ်မျိုးဖြစ်သည့် မမ်မျိုးနွယ်စုများသည် ကြာဒုံရွာတွင် နေထိုင်ကြသည်။ ရွာကျောင်းမှ ဒေသိယစကားနှင့် အစိုးရရုံးသုံးစကားကိုပါ ဆရာများမှ သင်ကြားပေးလျက် ရှိသည်။ ကျောင်းသားများသည် မြန်မာစာအပြင် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာရပ်များကိုလည်း သင်ကြားကြရသည်။ တတိယတန်းနှင့် စတုတ္ထတန်းတို့တွင် သမိုင်းနှင့် ပထဝီဘာသာရပ်များကို ပါတွဲ၍ သင်ကြားလျက်ရှိသည်။

ကျောင်းတွင် ဒေါ်အွမ်ရောင်အပြင် အခြားအချိန်ပြည့် ဆရာမတစ်ဦးလည်း ရှိသေးသည်။ "အခု ကျွန်မတို့မှာ စေတနာ့ဝန်ထမ်း ဆရာတစ်ယောက်လည်းရှိပြီး ရွာက သူ့အတွက် ရိက္ခာထောက်ပံ့ပေးထားပါတယ်။ကျောင်းသားအရေအတွက်နှင့် ယှဉ်လိုက်ရင် ကျွန်မတို့ကျောင်းမှာ ဆရာ၊ ဆရာမတွေ ပိုလိုအပ်နေသေးတယ်" ဟုဒေါ်အွမ်ရောင်က ပြောပါသည်။

မနက် ၈ နာရီခွဲမှစ၍ ကလေးများသည် အိမ်က သယ်လာတဲ့ မနက်စာများနှင့်အတူ ကျောင်းသို့ ရောက်လာကြပြီး ညနေ ၃နာရီတွင် ကျောင်းဆင်းကြသည်။ "ကလေးတွေက နေ့လည်စာ မယူလာတဲ့အတွက် အစားအစာက ပြဿနာတစ်ခု ဖြစ်နေတယ်။ မနက်စာ စားပြီးတာနဲ့ ညနေ အိမ်ပြန်ရောက်တဲ့အထိ ကြားထဲမှာ သူတို့နောက်ထပ် ဘာမှမစားကြရတော့ဘူး။ ကလေးတွေက နေ့လည်စာ ယူလာခဲ့ရင်တောင်မှ အစားအစာက အမြဲတမ်း မလုံလောက်ဘူး။ တခါတရံ အစားအစာတွေကလည်း အာဟာရပြည့်ဝတဲ့အစာတွေ မဟုတ်ဘူး။" ဟု ဒေါ်အွမ်ရောင်က ပြောသည်။



အစိုးရ၏မူဝါဒအရ မြန်မာပြည်၌ မူလတန်းပညာရေး (သူငယ်တန်းမှ စတုတ္ထတန်းအထိ)သည် အခမဲ့ဖြစ်သည်။ ထိုအထဲတွင် ကလေးများ၏ သင်ကြားစရိတ်၊ ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာများ၊ အားကစားနှင့်ပတ်သက်သည့် လှုပ်ရှားမှုများ အားလုံးပါဝင်သည်။ သို့သော် ထိုရပိုင်ခွင့်များအား အများစုက မသိရှိကြပေ။ ထို့အပြင် ကြားဒိုကဲ့သို့ ကျောင်းများတွင် ထိုရပိုင်ခွင့်များ အပြည့်အဝရရှိရန် လိုအပ်လျက်ရှိသည်။ ကြားဒိုမှ မိသားစုဝင်အများစုအတွက် ပုံနှိပ်စာအုပ်နှင့် စာရေးကိရိယာခများသည် အလွန်များပြားသော ငွေကြေးဖြစ်သည့်အတွက် ကလေးများကျောင်းတက်ရန်ပင် မလွယ်ကူနိုင်တော့ချေ။

LWF မြန်မာသည် လူ့အခွင့်အရေးကို အခြေခံသော စွမ်းဆောင်ရည်မြှင့်တင်ခြင်း နည်းလမ်းဖြင့် ဆင်းရဲမှုကို ပပျောက်စေရန် ချင်းပြည်နယ်တွင် ရေရှည်စီမံကိန်းတစ်ခုကို အကောင်အထည်ဖော် လုပ်ဆောင်မည် ဖြစ်သည်။ ပညာရေးကဏ္ဍ၌ LWF မြန်မာသည် လူငယ်များနှင့် ကလေးများအား ကိုယ်ပိုင်အဖွဲ့များ ဖွဲ့စည်းပြီး ၎င်းတို့၏ဘဝအား အကျိုးသက်ရောက်စေသည့် အကြောင်းအရာများကို ဆွေးနွေးခြင်း၊ အစီအစဉ်များ ချမှတ်ရေးဆွဲခြင်းနှင့် အကောင်အထည်ဖော်ခြင်းများ လုပ်ဆောင်နိုင်ရန် ကူညီလုပ်ဆောင်ပေးမည် ဖြစ်ပါသည်။ ထိုလုပ်ငန်းတွင် အပြည်ပြည်ဆိုင်ရာ ကလေးအခွင့်အရေးဆိုင်ရာ အခွင့်အရေးများသဘောတူစာချုပ် (CRC)တွင် လက်မှတ်ရေးထိုးခဲ့သည့် ကလေးသူငယ်အခွင့်အရေးများ အပါအဝင် နိုင်ငံတော်နှင့် နိုင်ငံတကာမှ ဥပဒေများအား လူငယ်များနှင့် ကလေးများ သိရှိစေရန်နှင့် ၎င်းတို့၏ အစီအစဉ်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လူထုစွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံများမှ လုပ်ဆောင်ပေးမည် ဖြစ်ပါသည်။

## ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီရှိ အမျိုးသမီးများ၏ စွမ်းရည် (မှအဆက်)

ပီးဟူရွာနှင့် အနီးဆုံးကျောင်းသည် ရွာမှ တစ်မိုင်ခွဲခန့်ဝေးပါသည်။ ကျောင်းသို့သွားသောလမ်းသည် မတ်စောက်ပြီး ကျောက်တောင်ကမ်းပါး ရှိသောကြောင့် ကျောင်းစတက်သော အသက် (၅)နှစ် အရွယ်ကလေးများအတွက် အလွန်ခက်ခဲပါသည်။

" ကလေးအများစုကတော့ နည်းနည်းကြီးတဲ့အထိ ကျောင်းမနေသေးဘဲ စောင့်ကြတယ်။ အထူးသဖြင့် တစ်ချို့ယောက်ျားလေးတွေဆိုရင် ကျောင်းမနေတော့ဘူး။ အိမ်မှာနေပြီး မိဘရဲ့ခြံမှာပဲ ကူလုပ်ပေးကြတယ်" ဟု မြေးလေးယောက်ရှိသော အဖွားမှ ပြောပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီတွင် လူငယ်များကို ကိုယ်စားပြုသော အသက် (၂၆)နှစ်အရွယ် မဟားအွေလည်း ပါဝင်သည်။ "လူသားချင်းစာနာထောက်ထားတဲ့လုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို လုပ်ရတာကြိုက်လို့ ကျွန်မ ဒီကော်မတီမှာပါဝင်တာပါ။ ရွာက လူတွေကလည်း ကျွန်မာကို ပါဝင်ဖို့ အားပေးကြပါတယ်" ဟု သူမကပြောပါသည်။ လတ်တလော သူမတွင် အလုပ်အကိုင်အတည်တကျမရှိသည့်အတွက် ကော်မတီ အလုပ်များကို အချိန်ပိုပေးဖြစ်နေသည် ဟု သူမက ဆက်ပြောပါသည်။

"ကော်မတီမှာ အမျိုးသားရော အမျိုးသမီးရော ပါတာကောင်းတယ်။ ဒါမှ တာဝန်ပိုင်းကို ခွဲခြားမှု မရှိမှာ" ဟု ၎င်းက ဆိုသည်။

နောက်ပိုင်းတွင် သူမတို့ ကျေးရွာ၌ လျှပ်စစ်မီး ရရှိလာမည်ဟု မဟားအွေက မျှော်လင့်ထားသည်။ ထို့အတူ သူမသည် ကလေးများ၏ ပညာရေးကိုလည်း တိုးတက်ကောင်းမွန်စေချင်သည်။ သူမ၏ အိမ်တွင် ငှက်ဖျားရောဂါဖြစ်သူ ယောက္ခမမှလွဲ၍ ကျန်မိသားစုများအားလုံး ကျန်းမာရေးကောင်းကြသော်လည်း ရွာမှာ ကျန်းမာရေးနှင့် ပတ်သတ်သည့် ဝန်ဆောင်မှုများ ပိုမိုရရှိလာရန် ကိုလည်း မျှော်လင့်ထားသည်။

LWF မြန်မာသည် ကျေးရွာသူရွာသားများနှင့် လက်တွဲကာ အလုပ်လုပ်နေသည်မှာ လအနည်းငယ်ခန့်သာ ရှိပါသေးသည်။ သို့သော် လူထုအခြေပြုစွမ်းဆောင်ရည်မြှင့်တင်ရေးတာဝန်ခံများသည် ရပ်ရွာလူထုနှင့်အတူ ဖွံ့ဖြိုးရေးအစီအစဉ်များရေးဆွဲခြင်းပြီး သင့်လျော်သည့် လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ရန် ကျေးရွာ၌နေထိုင်ပြီး ဦးဆောင်ပံ့ပိုးပေးကြမည်။ အိမ်ထောင်စုကြွယ်ဝမှုအဆင့် တိုင်းတာခြင်းလုပ်ငန်းစဉ်မှတဆင့် ဆင်းရဲနွမ်းပါးပြီး ထိခိုက်ခံစားလွယ်သော အိမ်ထောင်စု (၁၀) ခုမှ (၂၀) ခုခန့်အား မိတ်ဖက် အိမ်ထောင်စုများအဖြစ် ရွေးချယ်ခဲ့ပြီး ၎င်းတို့၏ လူမှုစီးပွားရေး အခြေအနေများ မြှင့်တက်လာအောင် ဦးဆောင်ပံ့ပိုးပေးခြင်း ဖြစ်သည်။

စီမံချက်သည် လူ့အခွင့်အရေးကို အခြေပြုသော စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း နည်းလမ်းကို အသုံးပြုပြီး အခွင့်အရေးခံစားခွင့်ရှိသူများ၊ အခွင့်အရေးဖြည့်ဆည်းပေးရန် တာဝန်ရှိသူများနှင့် လက်တွဲကာ လူများ၏ဘဝ တိုးတက်လာအောင် လုပ်ဆောင်ရန် ရည်ရွယ်ထားပါသည်။

# ရခိုင်ပြည်နယ်၏ အရေးပေါ်အခြေအနေအတွက် အကူအညီများပေးခြင်း



## ရခိုင်ပြည်နယ်၏ အရေးပေါ်အခြေအနေအတွက် အကူအညီများပေးခြင်း

မြန်မာနိုင်ငံ၏ ဒုတိယဖွံ့ဖြိုးမှုအနည်းဆုံးပြည်နယ် ဖြစ်သည့် ရခိုင်ပြည်နယ်တွင် (၂၀၁၂)ခုနှစ် ဇွန်လနှင့် အောက်တိုဘာလများ၌ ဒေသခံများအကြား အကြမ်းဖက်မှုများ နှစ်ကြိမ်တိုင်တိုင်ဖြစ်ပွားခဲ့သောကြောင့် ရခိုင်ပြည်နယ်တွင် နေထိုင်သူ (၁၄၀,၀၀၀)ခန့်အား ရွှေ့ပြောင်းနေရာ ချထားပေးခဲ့ရသည်။ ထို့အပြင် လူပေါင်း (၂၇ ၈၀၀)ခန့်သည် ဘင်္ဂလားပင်လယ်အော် မှတစ်ဆင့် လှေများဖြင့် ထွက်ပြေးတိမ်းရှောင်နေခဲ့ကြရသည်။ ရွှေ့ပြောင်းခဲ့ကြရသူများသည် ယခုအခါတွင် ရခိုင်ပြည်နယ်ရှိ မြို့နယ် ၁၀ မြို့နယ်၌ ယာယီစခန်းများနှင့် ယာယီစခန်းကဲ့သို့သော နေရာ (၇၀)တွင် နေထိုင်လျက်ရှိသည်။ (၂၀၁၃) နိုဝင်ဘာလ စာရင်းများအရ အနည်းဆုံး လူဦးရေ (၉၃ ၇၀၇)သည် စစ်တွေမြို့နယ်ရှိ ယာယီစခန်းပေါင်း (၂၁)ခုနှင့် ၎င်းတို့၏ ကိုယ်ပိုင်နေရာများ၊ ဒေသခံများမှ လက်ခံသောနေရာများတွင် နေထိုင်လျက်ရှိသည်။ ယာယီ စခန်းများအားလုံး လူများ ပြည့်ကျပ်လျက်ရှိပြီး အိမ်တန်းရှည် တစ်ခုလျှင် မိသားစု (၈)စုအထိ နေထိုင်နေကြရသည်။ အိမ်များအား ဝါး၊ သွပ်မိုးများဖြင့် ဆောက်လုပ်ထားပြီး ကိုယ်ပိုင်လွတ်လပ်စွာ နေထိုင်နိုင်ခြင်း မရှိပါ။ အခြေခံ ဝန်ဆောင်မှုများအား သုံးစွဲရန်လည်း ကန့်သတ်မှုများရှိနေပါသည်။ ထိုနေရာတွင် နေထိုင်သူများသည် အလုပ်၊ ဈေး၊ ကျန်းမာရေးစောင့်ရှောက်မှု၊ ဝန်ဆောင်မှုများ၊ ပညာရေးစသည်တို့နှင့် အဆက်အသွယ် ပြတ်တောက်ခဲ့ကြရသည်။ ဗုဒ္ဓဘာသာဝင် တိုင်းရင်းသားမျိုးနွယ်စုများ နေထိုင်ရာယာယီစခန်းများအတွင်း၌ နေထိုင်သူများသည် လွတ်လပ်စွာသွားလာနိုင်ကြသော်လည်း စခန်းအနီးအနားရှိ ကျောင်းများတွင် ကျောင်းသားများ ပြည့်လျှံနေလျက် မြို့တွင်းသို့သွားရန် ခရီးစရိတ်များ ကုန်ကျမှုတို့သည် ၎င်းတို့ ပြန်လည်ထူထောင်ရေးအတွက် ငွေကြေးစုဆောင်းရန် ပိုမိုခက်ခဲစေပါသည်။ ဒေသခံများသည် လွန်ခဲ့သော တစ်နှစ်ခွဲခန့်မှ ၎င်းတို့အိမ်များအား ဆုံးရှုံးခဲ့ရသည့် အကြမ်းဖက်မှုများနှင့် မီးလောင်မှုများ ထပ်မံဖြစ်ပွားမည်ကို ကြောက်ရွံ့နေကြဆဲ ဖြစ်ပါသည်။

နိုဝင်ဘာလလအကုန်ပိုင်းတွင် ပြန်လည်ထူထောင်ရေးအတွက် အိမ်အလုံးပေါင်း (၄၀၀)ကို ဆောက်လုပ်ပြီးစီးခဲ့ပါသည်။ ဖေဖော်ဝါရီလမှ မေလအထိ LWF မြန်မာ၏ ယာယီစခန်းများ၌ ကနဦး လေ့လာဆန်းစစ်ချက်များအရ ယာယီစခန်းများရှိ နေထိုင်မှုအဆင့်အတန်းသည် အပြည်ပြည်ဆိုင်ရာနေထိုင်မှု အဆင့်အတန်း စံချိန်စံနှုန်းထက် များစွာနိမ့်ကျနေသည်ကို တွေ့ရှိရပါသည်။ အခြေခံ ဝန်ဆောင်မှုများ လုံလောက်မှုမရှိခြင်းနှင့် ပညာရေး၊ လူမှုစိတ်ပိုင်းဆိုင်ရာ ကူညီထောက်ပံ့ခြင်း၊ မီးဘေးကာကွယ်ခြင်းနှင့် လုံခြုံရေး၊ ယာယီစခန်းများအချင်းချင်း ချိတ်ဆက်လုပ်ဆောင်ခြင်းနှင့် စီမံခန့်ခွဲခြင်းတို့ မရှိသလောက် အားနည်းနေသည်ကို တွေ့ ရှိရပါသည်။



အချို့သော ယာယီစခန်းများမှ ကလေးများသည် ပဋိပက္ခကြောင့် တစ်နှစ်ခန့်ကျောင်းနှင့် ကင်းကွာနေခဲ့ကြသည်။ ၄င်းအခြေအနေအပေါ်တွင် လူသားချင်းစာနာထောက်ထားသည့် အရေးပေါ်အကူအညီများကို LWF မြန်မာအနေဖြင့် လျင်မြန်စွာ ထောက်ပံ့ပေးခဲ့သည်။ မီးဘေးလုံခြုံရေးနှင့် ပတ်သတ်သည့် အခြေခံလိုအပ်ချက်များဖြည့်ဆည်းပေးခြင်းသင်တန်းကိုလည်း စေတနာ့ဝန်ထမ်းများအား ပေးခဲ့သည်။ ယခုအခါ ယာယီစခန်းများအားလုံးနှင့် ပြန်လည်ထူထောင်ရေးစခန်းတစ်ခုတွင် မီးဘေးကာကွယ်ရေးကို လုပ်ဆောင်ပေးလျက်ရှိသည်။ LWF မြန်မာသည် ယာယီသင်ကြားရေးစခန်းများကိုလည်း ဆောက်လုပ်ခဲ့ပြီး ဆရာ၊ ဆရာမများအား သင်တန်းပေးခြင်းအပြင် ပညာရေးအထောက်အပံ့ဆိုင်ရာ ပစ္စည်းများကိုလည်း ဖြန့်ဖြူး ပေးခဲ့သည်။

LWF မြန်မာအား ရန်ပုံငွေ ကူညီထောက်ပံ့ပေးသည့် ACT အဆိုပြုလွှာတွင် တင်ပြထားသည့် အရေအတွက် (၁၇၀၀)ထက်ပို၍ အိမ်ထောင်စုသုံး ပစ္စည်းများကို ဖြန့်ဖြူး ပေးခဲ့သည်။

စက်တင်ဘာလ (၁၅) ရက် (၂၀၁၃) ခုနှစ်မှစ၍ LWF မြန်မာသည် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)၏ လုပ်ငန်းအကောင်အထည်ဖော်ဆောင်သော မိတ်ဖက်အဖွဲ့အဖြစ် ယာယီစခန်းစီမံခန့်ခွဲမှုကော်မတီများ ဖွဲ့စည်းရန် ပံ့ပိုးကူညီပေးခဲ့သည်။ ထိုအဖွဲ့များတွင် အမျိုးသမီးများနှင့် မသန်စွမ်းသူများအား ကိုယ်စားပြုစေရန်လည်း လုပ်ဆောင်ခဲ့သည်။ ကော်မတီအဖွဲ့ဝင်များသည် ခေါင်းဆောင်မှုနှင့် အုပ်ချုပ်မှု၊ တာဝန်ခံမှု၊ လူသားချင်းစာနာထောက်ထားမှု ကျင့်ဝတ်များ၊ တိုင်ကြားခြင်းနှင့် ပြန်လည်ဖြေရှင်းခြင်း ယန္တရားများ စသည်တို့နှင့် ပတ်သက်သည်များကို သင်တန်းများ ပေးခဲ့ကြသည်။ ကော်မတီအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များ ရေးဆွဲခြင်းအပိုင်းတွင်လည်း LWF မှကူညီလုပ်ဆောင်ပေးခဲ့သည်။ ဩဂုတ်လအဆုံးပိုင်းတွင် ဆွီဒင်နိုင်ငံမှ နိုင်ငံခြားသားအကြံပေးအရာရှိ နှစ်ယောက်အား လူမှုစိတ်ပိုင်းဆိုင်ရာ အကူအညီများပေးရန်အတွက် လိုအပ်သော အချက်အလက်များကို ဆန်းစစ်ရန်နှင့် ဝန်ထမ်းများ (အခြားသော လူမှုရေးအဖွဲ့ အစည်းမှ ဝန်ထမ်းများ အပါအဝင်) အား သင်တန်းများ ပေးရန်အတွက် တာဝန်ပေးအပ်ခဲ့သည်။ LWF မြန်မာသည် ဤကဲ့သို့သော ကူညီထောက်ပံ့မှုများကို နောင်နှစ်များတွင်လည်း ထပ်မံ တိုးချဲ့လုပ်ဆောင်မည် ဖြစ်သည်။

"မျှော်လင့်ချက် ကင်းမဲ့ခြင်း" ဟူသော စကားသည် ယာယီစခန်းများတွင် နေထိုင်သောသူများအတွက် ၎င်းတို့၏ ဘဝကို ဖော်ပြသည့်အခါ အသုံးပြုလေ့ရှိသောစကား ဖြစ်ပါသည်။ LWF မြန်မာသည် စစ်တွေရှိ ယာယီစခန်း (၄)ခုတွင် လူသားချင်းစာနာထောက်ထားသော အထောက်အပံ့များပေးလျက် ရှိသည်။ တစ်ပြိုင်နက်တည်းမှာပင် အကူအညီပေးရန် ပိုမိုကောင်းမွန်သောနည်းလမ်းများကို အသုံးပြု၍ မြန်နိုင်သမျှမြန်မြန် အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။

# သင်လွယ်တတ်လွယ်သူလေးများ

LWF မြန်မာသည် ယာယီသင်ကြားရေးစခန်းများကို လျင်မြန်စွာ ဖွင့်လှစ်ပေးပြီး မူလတန်း ကျောင်းသား၊ကျောင်းသူများအတွက် ပညာရေးအထောက်အကူပြု ပစ္စည်းများဖြန့်ဝေပေးခြင်းဖြင့် ထောင်ပေါင်းများစွာသော ရွှေ့ပြောင်းကလေးငယ်များအား စာသင်ခန်းများသို့ ပြန်လည် ပို့ဆောင်ပေးခဲ့ပါသည်။

LWF မြန်မာသည် စစ်တွေမြို့တွင် ယာယီသင်ကြားရေးစခန်း ၁၀ ခု တည်ဆောက်ထားပြီး မွတ်စလင် ယာယီစခန်း (၆)ခုမှ ဆရာများကို သင်တန်းများ ပေးနိုင်ခဲ့ခြင်းကြောင့် ရွှေ့ပြောင်းကျောင်းသားကလေးငယ်ပေါင်း (၂,၈၀၀) နီးပါးသည် တစ်နှစ်အကြာ ကျောင်းနှင့်ဝေးပြီးနောက် အောက်တိုဘာ ပထမအပတ်တွင် စာသင်ခန်းများ၌ ပညာပြန်လည်သင်ကြားနိုင်ခဲ့သည်။

အရေးပေါ်အခြေအနေအတွင်း LWF မြန်မာ ပညာရေးပံ့ပိုးမှုစီမံကိန်း၏ ထောက်ပံ့မှုဖြင့် မူလတန်းကျောင်းသူ (၁,၁၉၃) ယောက် အပါအဝင် စုစုပေါင်း မူလတန်းကျောင်းသား ကျောင်းသူ (၂,၇၄၉) သည် ယာယီသင်ကြားရေးစခန်းများတွင် လာရောက်ပညာသင်ယူနိုင်ခဲ့ကြသည်။ ယာယီစခန်းများမှ မူလတန်း ကျောင်းသားကျောင်းသူများအားလုံးနှင့် အစိုးရစာသင်ကျောင်းများတွင် တက်ရောက် ပညာသင်ကြားနေသော ဗုဒ္ဓဘာသာ ယာယီစခန်း (၃)ခုမှ ကျောင်းသားများအား ပညာရေး အထောက်အကူပြု ပစ္စည်း (၃,၀၅၀)ကျော် ဤစီမံကိန်းမှတစ်ဆင့် ပံ့ပိုးပေးခဲ့ပါသည်။ ထို ပညာရေးအထောက်အကူပြု ပစ္စည်းများတွင် ကျောပိုးအိတ်၊ ထမင်းဘူး၊ ထီး၊ မှတ်စုစာအုပ်၊ ခဲတံ၊ ခဲဖျက်၊ ဘောပင်များနှင့် အခြားသော ကျောင်သုံးပစ္စည်းများ ပါဝင်ပါသည်။ တစ်ချိန်တည်းမှာပင် ကုလသမဂ္ဂကလေးများရံပုံငွေအဖွဲ့ (UNICEF) မှလည်း အစိုးရကျောင်းသုံး ပုံနှိပ်စာအုပ်များ ထောက်ပံ့ပေးခဲ့ပါသည်။

ကျောင်းသားများနှင့် ၎င်းတို့၏ မိဘများက (၂၀၁၂) ခုနှစ်အတွင်း ဒေသတွင်းဆူပူအကြမ်းဖက်မှုများကြောင့် ပျက်ဆီးဆုံးရှုံးမှုများ ကြုံတွေ့ခဲ့ရပြီးနောက် ကျောင်းသားလေးများ၏ ကိုယ်ပိုင်အဖြစ် ၎င်းပစ္စည်းများကို ပထမဆုံးအကြိမ်ရရှိခဲ့ခြင်း ဖြစ်သည်ဟု ပြောဆိုခဲ့သည်။ အုန်းတော်ကြီး အမှတ် (၅)စခန်းရှိ ယာယီစခန်းစီမံခန့်ခွဲမှုကော်မတီဝင် ဒေါ်ညိုညိုမှ ယာယီသင်ကြားရေးစခန်းများသည် စခန်းတွင်း အခြေအနေကို ပြောင်းလဲစေခဲ့သည် ဟုဆိုပါသည်။ အရင်တုန်းကဆိုရင် ကလေးတွေက ဘာမှမလုပ်ဘဲ လျှောက်သွားနေကြတာ။ အခုတော့ သူတို့ကျောင်းသွားကြပြီဟု မိဘများက ရှင်းပြသည်။

မိဘများ၏ ပထမဦးစားပေးသည် ပညာရေးဖြစ်သောကြောင့် LWF မြန်မာသည် ယာယီသင်ကြားရေးစခန်းများ အလျင်အမြန် ဖွင့်လှစ်နိုင်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်။ သစ်သားကြမ်းခင်းနှင့် သွပ်မိုးတို့ဖြင့် ဆောက်လုပ်ထားသော ယာယီသင်ကြားရေးစခန်းများကို စက်တင်ဘာလတွင် ပြီးစီးအောင် ဆောက်လုပ်နိုင်ခဲ့သည်။ ယင်းကာလအတွင်းတွင် ယာယီစခန်းများ၌ အခြေစိုက်နေထိုင်သင်ကြားမည့် ဆရာ၊ ဆရာမ (၃၆)ဦးအား အစိုးရကျောင်းဆရာများမှ သင်တန်းပေးခဲ့ပြီး ယခုအခါ သင်တန်းရရှိသော ဆရာ၊ ဆရာမများထဲမှ (၃၃)ဦးသည် စာသင်ကြားပေးလျက် ရှိသည်။ ယာယီသင်ကြားရေးစခန်း တစ်ခုချင်းစီတွင် မိဘဆရာအသင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့သည်။ စခန်းတစ်ခုတွင် ကျောင်းသားအယောက် (၉၀)လျှင် ဆရာ၊ ဆရာမ နှစ်ဦးဖြင့် တစ်ပတ် လျှင် (၅) ရက်၊ တစ်ရက်လျှင် (၂) နာရီနှုန်းဖြင့် စာသင်ကြားပေးလျက် ရှိနေပါသည်။



ယာယီသင်ကြားရေး စခန်းတစ်ခုချင်းစီမှ စာသင်ခန်းများအား နေ့စဉ်လေ့လာ စောင့်ကြည့်စစ်ဆေးသည့် LWF ပညာရေးစီမံချက်အဖွဲ့၏ အစီရင်ခံစာအရ ဒီဇင်ဘာလအထိ ကျောင်းသားများ ကျောင်းတက်နှုန်းမှာ(၈၀)ရာခိုင်နှုန်းကျော် ရှိပါသည်။ (၂၀၁၄)ခုနှစ်တွင် အစိုးရစာသင်ကျောင်းများ၏ သင်ရိုးညွှန်းတန်းနှင့်အညီ ဘာသာစုံ သင်ကြားပေးခြင်းနှင့် အလယ်တန်းပညာရေးကိုပါ တိုးချဲ့သင်ကြားနိုင်ရန် စီစဉ်လျက် ရှိပါသည်။ ဆရာ ဆရာမများကိုလည်း မွမ်းမံသင်တန်းများ ထပ်မံပို့ချမည်ဖြစ်ပြီး အစိုးရပညာရေးဌာနရှိ အရာရှိဂုန်ထမ်းများမှ အရည်အချင်းစစ် စာမေးပွဲများ စစ်ဆေးအကဲဖြတ်မည် ဖြစ်ပါသည်။

## ပြန်လည် သင်ယူခြင်းနှင့် အောက်မေ့ သတိရခြင်း

အုန်းတော်ကြီး အမှတ် (၅)ရှိ ယာယီသင်ကြားရေးစခန်းတွင် စာသင်ကြားနေသော အသက် (၈)နှစ်အရွယ် မလှလှမေက အကြမ်းဖက်မှုများမဖြစ်ပွားခင် သူမ၏ ကျောင်းနေစဉ်က အဖြစ်အပျက်များကို ခပ်ရေးရေး မှတ်မိသလောက် ပြောပြသည်။ "သမီး ငယ်ငယ်တုန်းကတော့ ကျောင်းတက်ဖူးတယ်။ ဒါပေမဲ့ သူငယ်တန်းတောင် ပြီးအောင်မတက်ဖူးဘူး"။

သူမက စာမြန်မြန်ဖတ်တတ်အောင် သင်ရတာကို ပျော်သည်ဟု ပြောဆိုနေသော်လည်း သူမ၏ ဆရာမများက သူမအနေဖြင့် သင့်လျော်သော ဖတ်စာအုပ်များနှင့် တစ်နှစ်ကျော်ခန့် ဝေးကွာသွားသည့်အတွက် စာဖတ်နည်းကို မေ့သွားခြင်း ဖြစ်နိုင်သည်ဟု ဆိုသည်။
အသက် (၉)နှစ်အရွယ် မခင်စိုးကလည်း (၂)လအတွင်း စာဖတ်တတ်လာသည့်အတွက် ဆရာများနှင့် အတန်းတက်ရသည်ကို ပျော်တယ်ဟု ဆိုပါသည်။ မလှလှမေကတော့ သင်္ချာဘာသာကို ပိုကြိုက်တယ်။ ဒါပေမဲ့ (၂) လအတွင်း စာစဖတ်တတ်တာကို ပျော်တယ်ဟု ဆိုသည်။ "တချို့ကလေးတွေရဲ့ တိုးတက်မှုက သိပ်မြန်တယ် ဒါပေမဲ့ တစ်ချို့ကျတော့ နဲနဲနှေးတယ်။ သိသာထင်ရှားတာကတော့ စိတ်အားထက်သန်မှုဘဲ" ဟု ဆရာ ပြည့်ဖြိုးလှိုင်ကပြောပါသည် " ကျောင်းသားတွေက ဘယ်သင်ခန်းစာကို သင်ချင်တယ်၊ ဘယ်စာကို ဖတ်ချင်တယ်ဆိုတဲ့ အကြံဉာဏ်တွေနဲ့ရောက်လာတတ်ကြတယ်။ ပုံပြင်တွေ ဖတ်ရတာကို သူတို့တစ်ကယ် ပျော်ပါတယ်" ဟု ၎င်းက ဆက်လက်ပြောပါသည်။

## အခက်အခဲများ ရှိသေးသည်

ကလေးများ၏ စာသင်ကြားလိုစိတ်က ထက်သန်သော်လည်း ယာယီစခန်းများသို့ ရွှေ့ပြောင်းနေထိုင်ကြရသော ကလေးများအတွက် ကျောင်းစာများကို ပုံမှန်သင်ကြားနိုင်ရန်အတွက် အခက်အခဲများစွာရှိနေဆဲ ဖြစ်ပါသည်။ ဥပမာအားဖြင့် ၎င်းတို့အိမ်များတွင် လျှပ်စစ်မီး မရှိသည့်အတွက် အိမ်၌ စာလေ့လာရန် ခက်ခဲနေကြသည်။
ပြည်နယ်၏ ယေဘူယျ ကျောင်းထွက်နှုန်းနှင့် နှိုင်းယှဉ်လျှင် ရွှေ့ပြောင်းလာသူများ၏ ကျောင်းထွက်နှုန်းသည် ပို၍များပြားနေသော်လည်း ဗုဒ္ဓဘာသာဝင်များရှိသော ယာယီစခန်းများအနီးရှိ အစိုးရစာသင်ကျောင်းများ၌မူ ကျောင်းသားဦးရေ အလွန်များပြားလျက်ရှိပါသည်ဟု ဆရာများနှင့် ယာယီစခန်း စီမံခန့်ခွဲသူ အဖွဲ့ဝင်များမှ ပြောကြားသည်။ အကြမ်းဖက်မှုများဖြစ်ပွားစဉ် ပိုင်ဆိုင်မှုများ ဆုံးရှုံးခဲ့ကြရသော မိသားစုများသည် ကျောင်းလခနှင့် ကျောင်းစရိတ်များကို ပေးရန် ခက်ခဲလျက်ရှိကြသည်။ ထို့အပြင် မွတ်စ်စလင် ယာယီစခန်းများမှ ကျောင်းသားများ၏ ဘာသာစကားများမှာလည်း မတူညီကြသည်ကို တွေ့ရသည်။
အုန်းတော်ကြီး အမှတ် (၅) တွင် စာသင်ကြားနေသော အသက်အငယ်ဆုံးကျောင်းသား နှစ်ဦးအနက် တစ်ဦးဖြစ်သူ မအေးအိချော မှ "မြန်မာလို ပြောရ၊ ရေးရ၊ ဖတ်ရတာ အရမ်းပျော်ပါတယ်" ဟု ဆိုပါသည်။ "အရင်က သူတို့ မြန်မာလို မပြောတတ်ဘူး။ အခုတော့ ပြောတတ်သွားပြီ" ဟု မုဆိုးမဖြစ်သူ အမေက ရှင်းပြပါသည်။ "အရင်တုန်းက ကျွန်မက လယ်ထဲမှာ အလုပ်လုပ်တော့ ကလေးတွေ ပညာရေးအတွက် ပိုက်ဆံစုနိုင်တယ်။ အခုတော့ အပိုဝင်ငွေ မရှိတော့ဘူး။ ပြီးတော့ အခုဆိုရင် အိမ်မှာ မီးမရှိတဲ့အတွက် သူတို့စာဖတ်ဖို့ ပိုပြီးတော့ ခက်ခဲတယ်"ဟု သူမက ဆက်လက်ပြောဆိုပါသည်။ သူမ၏ (၁၁)နှစ်အရွယ် သားဖြစ်သူ မောင်ခင်မောင်ဦးမှ "အခက်အခဲကတော့ ကျောင်းမှာရှိတဲ့အချိန်ပဲ စာဖတ်လို့ရတယ်" ဟု ထောက်ခံပြောဆိုပါသည်။ "ကျွန်တော့် အိမ်မှာ မီးအိမ်လေးတစ်ခု ရှိရင်တော့ ကျွန်တော် အိမ်မှာ စာဖတ်၊ စာကျက်လို့ ရတာပေါ့။" ဟု ခင်မောင်ဦးက ဆက်လက်ပြောပါသည်။



# မီးဘေးကြိုတင် ကာကွယ်ရေးကို ဦးစားပေး လုပ်ဆောင်ခြင်း



# မီးဘေးကြိုတင် ကာကွယ်ရေးကို ဦးစားပေးလုပ်ဆောင်ခြင်း

ဒေသတွင်း ရွှေ့ပြောင်းနေထိုင်များ နေထိုင်ရာယာယီစခန်း (၂၁)ခုတွင် လုပ်ဆောင်နေသော မီးဘေးကာကွယ်ခြင်းသည် LWF မြန်မာမှ ဖွဲ့စည်းပေးထားသော မီးသတ်စေတနာ့ဝန်ထမ်းများ၏ ဦးစားပေးလုပ်ငန်းတစ်ခု ဖြစ်ပါသည်။ ထိုလုပ်ငန်းကို (၂၀၁၂)ခုနှစ်အတွင်း ရခိုင်ပြည်နယ်၊ စစ်တွေမြို့၌ ဖြစ်ပွားခဲ့သော ဆူပူအကြမ်းဖက်မှုနှင့် မီးလောင်မှုများကြောင့် အိုးအိမ်များ ဆုံးရှုံးခဲ့ရသူများနေထိုင်ရာ စခန်းများတွင် လုပ်ဆောင်ပေးခြင်းဖြစ်သည်။ စေတနာ့ဝန်ထမ်းများအား သင်တန်းပေးခဲ့သော မီးသတ်ဌာနမှ အရာရှိတစ်ဦး၏ ပြောကြားချက်အရ မိသားစု(၈)ဦးနေထိုင်သော အိမ်တန်းလျားရှည်များအား သစ်သား၊ ဝါးနှင့် သက်ကယ်တို့ဖြင့် ဆောက်လုပ်ထားခြင်းကြောင့် မီးလောင်ခဲ့ပါက (၁၅) မိနစ်အတွင်း အိမ်တန်းလျားရှည်တစ်ခုလုံး ပျက်စီးသွားနိုင်သည်ဟု သိရသည်။

မီးသတ်တပ်ကြပ်ကြီး ဦးအောင်မင်းထိုက်၏ ခန့်မှန်းချက်အရ ထိုယာယီစခန်းများ၌ မီးလောင်မှုဖြစ်ပွားလျှင် မြို့တွင်းမီးသတ်ဌာနမှ ဝန်ထမ်းများသည် ထိုနေရာသို့ ရောက်ရှိရန် (၂၅)မိနစ်ခန့် ကြာမြင့်မည် ဖြစ်သည်။ သို့ဖြစ်ပါ၍ ယာယီစခန်းများတွင် မီးဘေးလုံခြုံရေးနှင့် ပတ်သက်သည့် သင်တန်းများ ရရှိထားသော စေတနာ့ဝန်ထမ်းများမရှိပါက မီးသတ်ဝန်ထမ်းများ ထိုနေရာသို့ မရောက်မီ အိမ်တန်းရှည်တစ်ခုလုံး မီးလောင်သွားနိုင်သည်ဟု ၎င်းက ဆိုသည်။ ဇူလိုင်လအတွင်း ပြုလုပ်ခဲ့သော LWF မှဆန်းစစ်ချက်များအရ မြို့နှင့်နီးသော ယာယီစခန်းများတွင်ပင် မီးဘေးလုံခြုံရေးမရှိခြင်းသည် စိုးရိမ်ဖွယ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။ ယာယီစခန်းများတွင် မီးဘေးကာကွယ်တားဆီးရေးနှင့် မီးဘေးလုံခြုံရေး ပစ္စည်းကိရိယာများမရှိခြင်း၊ နေထိုင်သူများအား မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးနှင့် ပတ်သက်သည့် သင်တန်းများ ပေးမထားခြင်းကိုလည်း တွေ့ရသည်။ ထို့ကြောင့် LWF မှ ထိုအရေးပေါ် လိုအပ်ချက်ကို အလျင်အမြန် ဖြည့်ဆည်းပေးရန် လုပ်ဆောင်ခဲ့ပါသည်။

စစ်တွေအခြေစိုက် ဝန်ထမ်းများသည် မိုးအများဆုံးကာလဖြစ်သည့် ဩဂုတ်လအတွင်း မီးဘေးအန္တရာယ်လုံခြုံရေး အသိပညာပေးလုပ်ငန်းများ လုပ်ခဲ့သည်။ အောက်တိုဘာလအတွင်း ယာယီစခန်းများအားလုံးတွင် မီးဘေးလုံခြုံရေးဆိုင်ရာ ပစ္စည်းများ (ရေစည်၊ မီးသတ်ပစ္စည်းများအပါအဝင်) နှင့် (၂၉) နှစ်အရွယ် ကိုဘသွင်ကဲ့သို့သော စေတနာ့ဝန်ထမ်းများအားလည်း မီးသတ်သင်တန်းများ ပေးနိုင်ခဲ့ပါသည်။ သင်ရိုးညွှန်းတမ်းကို စစ်တွေ မီးသတ်တပ်ဖွဲ့နှင့် LWF မြန်မာတို့ ပူးပေါင်းပြင်ဆင်ကာ (၅) ရက်ကြာသင်တန်း (၂) ခုကို အောက်တိုဘာလအတွင်း ပေးနိုင်ခဲ့ပါသည်။

"ကျွန်တော်တို့ ယာယီစခန်းမှာ မီးဘေးလုံခြုံမှု ရှိမရှိ ညနေတိုင်း စစ်ဆေးတယ် ပြီးတော့ မီးဘေးအန္တရာယ် ဘယ်လို ကာကွယ်ရမလဲဆိုတာကို စခန်းမှာ နေထိုင်နေတဲ့သူတွေကို ရှင်းပြတယ်။" ဟုအုန်းတော်ကြီး အမှတ် (၅) ယာယီစခန်းတွင် စေတနာ့ဝန်ထမ်း ကျောင်းဆရာအဖြစ်လည်း တာဝန်ထမ်းဆောင်နေသော ကိုဘသွင်ကဆိုသည်။

"အရင်တုန်းကဆိုရင် မီးလောင်ခဲ့ရင် ဘာလုပ်ရမလဲဆိုတာကို လူတွေက မသိကြဘူး၊ အဲဒီတော့ အိမ်တိုင်းမှာ မီးလောင်လွယ်တဲ့ အခြေအနေနဲ့ ကြုံတွေ့ခဲ့ရတယ်" ဟု၎င်းကပြောပါသည်။ အဓိက မီးဘေးဖြစ်ပွားနိုင်ချေသည် ထမင်းချက်မီးဖိုများကို အိမ်အတွင်းထဲ၌ ထားခြင်းကြောင့် ဖြစ်သည်ဟု သူနှင့် အခြားမီးသတ်စေတနာ့ဝန်ထမ်းများက ပြောပါသည်။ ထို့ပြင် "ဖယောင်းတိုင်မီးကြောင့်လည်း ဖြစ်နိုင်တယ်ဟု ပြောပါသည်။ ယာယီစခန်းတွေမှာ လျှပ်စစ်မီးမရှိတာကြောင့် လူတွေဟာ အလင်းရောင်အတွက် ဖယောင်းတိုင်ကိုသာ အားကိုးကြရတယ်။ တချို့မိသားစုဝင်တွေ - အထူးသဖြင့် ကလေးတွေဆို သူတို့အခန်းတွေထဲမှာ ဖယောင်းတိုင်တွေ ထွန်းပြီး အိပ်ပျော်သွားကြတာတွေ ရှိသလို ခြင်ဆေးခွေတွေကလည်း မီးလောင်နိုင်ချေများတယ်" ဟု မီးသတ်ဌာနမှ အရာရှိ ဦးအောင်မင်းထိုက်မှ ပြောပါသည်။

ယာယီစခန်း စီမံခန့်ခွဲရေးကော်မတီ ခေါင်းဆောင်တစ်ဦးဖြစ်သူ ဦးလှဝင်းက "မီးသတ်စေတနာ့ဝန်ထမ်းတွေ ပညာပေးလုပ်ငန်းတွေ စတင်လုပ်ဆောင်တဲ့ နောက်ပိုင်း မီးဘေးကာကွယ်တားဆီးရေး အသိပညာတွေ သိသိသာသာ တိုးတက်လာကြတယ်" ဟုပြောပါသည်။ "အခုလို ပညာပေးတွေ မလုပ်ရင် မီးလောင်မှုတွေ ဖြစ်နေအုံးမှာဘဲ" ဟု ၎င်းက ဆက်လက်ပြောဆိုသည်။

မီးဘေးကာကွယ် တားဆီးရေးပညာပေးရေးအစီအစဉ်ကြောင့် လူအများ၏ အမူအကျင့်များ အဓိကပြောင်းလဲသွားခဲ့သည်ဟု စေတနာ့ဝန်ထမ်းများမှ ပြောကြားခဲ့သည်။ ယခုအခါ မိသားစုများသည် မီးဖိုများကို အိမ်ရှေ့တွင် ထုတ်ထားလာကြသည်။ မီးဖိုများသည် အိမ်အမိုးအတွင်း၌ပင် ရှိနေသေးသော်လည်း သက်ကယ်ကြမ်းခင်းတွေအစား မြေကြီးပေါ်သို့ ပြောင်းရွှေ့ချထားကြသည်။ "အခုဆိုရင် အိပ်မပျော်ခင် ဖယောင်းတိုင်တွေ မှုတ်ဖို့ ပိုသတိထားလာကြပြီး ခြင်ဆေးကိုလည်း ဘယ်နေရာမှာ ထားရမယ်ဆိုတာကို သိလာကြပြီ" ဟု စေတနာ့ဝန်ထမ်းတစ်ဦးမှ ပြောပါသည်။

ယာယီစခန်းများတွင် နေထိုင်သူများသည် မီးဘေးအန္တရာယ်ကို အလွန် ကြောက်ရွံ့နေကြဆဲ ဖြစ်သည်။ (၂၀၁၂) ခုနှစ် ဇွန်လနှင့် အောက်တိုဘာလတွင် ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများကြောင့် ဒေသခံများ၏ အိုးအိမ်များ မီးထဲတွင် ပျက်ဆီးခဲ့ကြရသည်။ မီးသတ်စေတနာ့ဝန်ထမ်းများမှ မီးဘေးကာကွယ်တားဆီးရေး လှည့်လည်စစ်ဆေးခြင်းများ ပြုလုပ်ခြင်းနှင့် ရှင်းပြပြောဆိုခြင်းကြောင့် မိသားစုများ၏ ကြောက်စိတ်များကို လျော့ကျလာခဲ့သည်။ ယာယီစခန်းများတွင် အုပ်စု နှစ်အုပ်စုလုံးအတွက် မီးသတ်စေတနာ့ဝန်ထမ်းများထားရှိပြီး မီးသတ်ဦးစီးဌာနနှင့်လည်း လက်တွဲဆောင်ရွက်လျက် ရှိပါသည်။



မီးသတ်ဌာနမှ အရာရှိ ဦးအောင်မင်းထိုက် © LWF မြန်မာ

# ကျောင်းဆရာတစ်ဦး၏ ဇာတ်လမ်း

ဇွန်လ (၂၀၁၂)ခုနှစ်တွင် စတင်ခဲ့သော ရခိုင်ပြည်နယ်ရှိ ဒေသတွင်းဆူပူအကြမ်းဖက်မှုများ ကျောက်ဖြူမြို့သို့ မကူးစက်မီအချိန်ထိ အသက် (၁၉) နှစ်အရွယ် မောင်လှမြင့် တစ်ယောက် အထက်တန်းပြီးလျှင် တက္ကသိုလ် ဆက်တက်ရန် အားလုံး စီစဉ်ထားခဲ့သည်။ သို့သော် အကြမ်းဖက်မှုများကြောင့် ပိုင်ဆိုင်မှုများအားလုံး မီးထဲပါသွားခဲ့ချိန်သဖြင့် သူနှင့် သူ၏မိသားစုတို့ စစ်တွေမြို့ အနီးရှိ ယာယီစခန်းများသို့ ပြောင်းရွှေ့လာခဲ့ရသည်။

အုန်းတော်ကြီး အမှတ် (၅)ရှိ ယာယီသင်ကြားရေးစခန်းတွင် စာသင်ကြားပေးလျက် ရှိသော မောင်လှမြင့်က " ကျွန်တော်က ရန်ကုန်ကိုသွားပြီး ဆေးကျောင်းတက်ဖို့ စီစဉ်ထားခဲ့တယ်" ဟု ဆိုသည်။ " ကျွန်တော့် အဒေါ်လိုမျိုး ကျွန်တော်က ဆရာဝန် တစ်ယောက် ဖြစ်ချင်တယ်" ဆက်ပြောပါသည်။ ၎င်း ဖခင်ဘက်မှ တော်စပ်သူ အဒေါ်သည် ရန်ကုန်မြို့ရှိ ဆေးရုံကြီးတစ်ခုတွင် သမားတော်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိသည်။

သူတို့မိသားစု ပိုင်ဆိုင်သည့် အိမ် (၃)လုံး မီးထဲ ပါမသွားခင် အချိန်က ဆေးပညာကို နိုင်ငံရပ်ခြားတိုင်းပြည်တစ်ခုအထိ သွားရောက် လေ့လာသင်ယူရန် စဉ်းစားခဲ့သည်ဟု မောင်လှမြင့်က ပြောပါသည်။

သို့သော် စစ်တွေမြို့သို့ ရောက်ရှိလာကတည်းက သူ၏ ရည်မှန်းချက်ကို မေ့ပစ်ခဲ့ပြီး အသက်ရှင်နေထိုင်ရေးအတွက်သာ ဦးစားပေးခဲ့ရသည်။ ယာယီစခန်းများမှ အချို့လူများ လှေများဖြင့် ပြောင်းရွှေ့သွားချိန်တွင် လိုက်ပါသွားရန် စဉ်းစားခဲ့သော်လည်း သူ၏မိဘများ ကန့်ကွက်မှုကြောင့် ထိုအစီအစဉ်ကို လက်လျှော့ခဲ့သည်။ ထိုသို့လှေများဖြင့် ရွှေ့ပြောင်းအုပ်စုတွင် လိုက်ပါခြင်းကြောင့် ဖမ်းဆီးခံရခြင်း၊ လူမှောင်ခိုကူးခြင်းခံရနိုင်ခြင်းနှင့် သေဆုံးသည်အထိ ဖြစ်နိုင်ကြောင်း သူ့အား မိဘများက သတိပေးခဲ့သည်။



ယခုအခါတွင် မောင်လှမြင့်သည် တစ်လလျှင်လစာ ၅၀,၀၀၀ ကျပ်ရသည့် ကျောင်းဆရာအလုပ်ကို ရရှိခဲ့သောကြောင့် လှေဖြင့်ရွှေ့ပြောင်းခြင်းသည် သူ့အတွက် တစ်ခုတည်းသော ရွေးချယ်စရာနည်းလမ်း မဟုတ်တော့ပေ။ "ကျွန်တော့်ဘဝ အလည့်အပြောင်းဟာ တစ်ကယ် အံ့သြစရာကောင်းတယ်" ဟု သူကဆိုသည်။ ယခုအခါ အစိုးရအသိအမှတ်ပြု ဆရာတစ်ယောက် ဖြစ်လာရန်အတွက် သူပညာဆက်လက်သင်ယူရန် စိတ်အား ထက်သန်လျက် ရှိသည်ဟု လည်းရှင်းပြပါသည်။

## ရခိုင်တွင် လုပ်ဆောင်နေသော LWF မြန်မာ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လုပ်ငန်းများ အနှစ်ချုပ်

- ယာယီစခန်း(၂၀)ရှိ လူအားလုံးအတွက် မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ပတ်သက်သည့် ပစ္စည်းကိရိယာများ ထားရှိပေးခဲ့သည်။
- စစ်တွေမြို့နယ် မီးသတ်ဦးစီးဌာနနှင့် ပူးပေါင်း၍ မီးဘေးလုံခြုံရေးဆိုင်ရာ သင်ရိုးညွှန်းတန်းကို ပြုစုထုတ်ဝေခဲ့ပြီး သင်တန်းသား စေတနာ့ဝန်ထမ်း (၁၅၅) ယောက်အား သင်တန်းများ ပေးခဲ့သည်။
- အခြေခံ အိမ်သုံးပစ္စည်းများအား လူပေါင်း (၂,၇၀၀) ကို မျှဝေပေးနိုင်ခဲ့သည်။
- ယာယီစခန်းများရှိ အသက် (၆)နှစ်မှ (၁၀)နှစ်အရွယ်ရှိ ကလေးများအား ပညာရေးအထောက်အကူပြုပစ္စည်း ၃၀၅၀ ခုအား ထောက်ပံ့ ပေးခဲ့သည်။
- ရေသန့်၊ တကိုယ်ရေသန့်ရှင်းရေးနှင့် သက်ဆိုင်သည့် လုပ်ငန်းများ အပါအဝင် ယာယီ သင်ကြားရေးစခန်း (၁၀) ခုကို တည်ဆောက်ပေးနိုင်ခဲ့သည်။
- ယာယီစခန်းအခြေစိုက် ဆရာ၊ ဆရာမ ၃၆ ဦးအား ခန့်အပ်ကာ အစိုးရပညာရေးဝန်ထမ်းများထံမှ သင်တန်းများဖြင့် အားဖြည့်ပံ့ပိုးပေးနိုင်ခဲ့သည်။
- ရွှေ့ပြောင်းနေထိုင်သူ (၁၈,၀၀၀)ကျော်အား ယာယီစခန်းလေးခုတွင် စခန်းတွင်း စီမံခန့်ခွဲမှုများ ပြုလုပ်နိုင်ရန် စီစဉ်ပေးခဲ့သည်။
- လူမှုစိတ်ပိုင်းဆိုင်ရာထောက်ပံ့မှု လိုအပ်ချက်များအား ဆန်းစစ်လေ့လာနိုင်ခဲ့ပြီး ဝန်ထမ်းများအား သင်တန်းပေးခြင်းနှင့် လက်တွေ့ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် လုပ်ဆောင်ခဲ့သည်။



ဓာတ်ပုံ မူပိုင်ခွင့်
ပက်ထရီ ကိုကိုနင် - ရှေ့ဖုံးနှင့် စာမျက်နှာ ၁၆၊၁၈၊၂၇
ဇင်းဆင့် မချီဆပ် - စာမျက်နှာ ၁၅၊၂၁၊၂၅
ဝိုင်းစန္ဒီမြင့် (LWF မြန်မာ) – စာမျက်နှာ ၄၊၇၊၁၀၊၁၄၊၂၀၊၂၂
ဖရန့်လင် အီရှီဒါ (ELCA) – စာမျက်နှာ ၃
ဆာယာ အစာဒူလာ (အင်းစိုက်ရှဲ) – စာမျက်နှာ ၅၊၁၂
LWF ဝန်ထမ်း - စာမျက်နှာ ၂၄

# ဆင်းရဲနွမ်းပါးသူများနှင့် ထိခိုက်ခံစားလွယ်သူများ၏ လူ့အခွင့်အရေးကို မြှင့်တင် စောင့်ရှောက်ပေးကြစို့။

THE
LUTHERAN
WORLD
FEDERATION

actalliance